မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၆၁)

မြန်မာဟူသည်

မြန်မာသည် မြန်မာဖြစ်သည်၊ မြန်မာသည် မြန်မာယောင်ဆောင်ထားသည့် တိုင်းတစ်ပါးလက်ကိုင်တုတ်မဖြစ်ရ၊ မြန်မာသည် မြန်မာယောင်ဆောင်ထားသည့် တိုင်းတစ်ပါးသူလျှို မဖြစ်ရ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နမ့်ဆန်မြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်က တည်ဆောက်ထားသည့် ဖွံ့ဖြိုးမှုအခြေခံကောင်းများ ရေရှည်တည်တံ့ရေး ပူးပေါင်းဆောင်ရွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေး ဝိုင်းဝန်းအကောင်အထည်ဖော်

ပြည်သူများ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး ကျေးရွာများအထိ ကွင်းဆင်းအသိပညာပေး တစ်ပိုင်တစ်နိုင်မွေးမြူရေးမှသည် စီးပွားဖြစ်မွေးမြူနိုင်သည်အထိ ကြိုးပမ်းဖော်ဆောင်

နေပြည်တော် မတ် ၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မတ် ၈ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ ရောက်ရှိသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဒုတိယတိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လားရှိုးလေဆိပ်တွင် ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မန်တုံမြို့၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေအမှတ်(၂/၂၀၁၀)ဖြင့် ထုတ်ပြန်ခဲ့သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၁၀ ရက်)

တိုင်းကျိုးပြည်ပြု တေးကဗျာများပေါ်ထွက်ရေး ကြိုးပမ်းစွမ်းဆောင်

စာပေ၏ ကျေးဇူးသည် လူသားတို့၏ လူနေမှုဘဝအတွင်း နက်ရှိုင်းစွာဝင်ရောက်နေသည်။ စာပေသည် နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ မြင့်မားမှုကို ဖော်ညွှန်းနေသည့်အပြင် လူသားတိုင်း၏ သမိုင်းအဖြစ်အပျက်များ၊ သင်ခန်းစာများနှင့် စံနှုန်းများကို ဖော်ပြလျက်ရှိသည်။

သမိုင်းအစဉ်အဆက် ကဗျာ၊ လင်္ကာ၊ စကားပြေ၊ စာပေပုံစံအမျိုးမျိုးမှတစ်ဆင့် မိမိတို့၏ ဘိုးဘွားများ လက်ဆင့်ကမ်းပေးအပ်ခဲ့ကြသည့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို အရိုးပေါ်အရွက်မဖုံးစေရန် စာပေပညာရှင်များက ထိန်းသိမ်းစောင့်ရှောက်ကြခြင်းသည် သမိုင်းပေးတာဝန် ထမ်းဆောင်ခြင်းပင် ဖြစ်သည်။

စာပေ၏ ဩဇာသက်ရောက်မှုကိုကြည့်ပါလျှင် လွတ်လပ်ရေးရရန် ကြိုးပမ်းစဉ်ကာလ မျိုးချစ်ပုဂ္ဂိုလ်များ၏ စာပေများ၊ တေးကဗျာများ ရေးစပ်မှုဖြင့် စည်းရုံးလှုံ့ဆော်မှု၊ တိုင်းတစ်ပါး ကျူးကျော်နယ်ချဲ့မှုကို တုံ့ပြန်ရေးသား ကလောင်စွမ်းထက်ခဲ့သည်။

“တေးကဗျာတို့၏ ဩဇာသက်ရောက်မှု” သုတေသန စာတမ်းဖတ်ပွဲကို နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပခဲ့ပြီး သုတေသနစာတမ်းများကို ဖတ်ကြားတင်သွင်းခဲ့ကြသည်။ ထို့အပြင် စာတမ်းများအပေါ် အကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းသုတေသနစာတမ်းဖတ်ပွဲ၌ အမျိုးသားရေး စရိုက်လက္ခဏာများကို ဖော်ဆောင်သော ခေတ်အကြိုက်တေးများ စာတမ်း၊ ထာဝစဉ် ရှင်သန်နေသော ခေတ်ဟောင်း ကာလပေါ်တေးလေ့လာချက် စာတမ်း၊ ပုဂံခေတ် ကျောက်စာများမှ အနုသုခုမပညာဆိုင်ရာ ဝေါဟာရများ လေ့လာချက်စာတမ်း၊ မြန်မာသီချင်း၊ ကဗျာများပေါ်တွင် ဩဇာသက်ရောက်နေသော စိတ်ကူး၊ စိတ်သန်း အဖွဲ့အနွဲ့ကို ရတုလမ်းကြောင်းမှ ခြေရာခံ ကြည့်ခြင်း စာတမ်းတို့ကို စိတ်ဝင်စားဖွယ် ဖတ်ကြားတင်သွင်းခဲ့ကြသည်။

သုတေသနစာတမ်းများမှ တွေ့ရှိချက်များကို ဆွေးနွေးခြင်း၊ သုတေသနပြုခြင်းသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ် ထိန်းသိမ်းခြင်းပင်ဖြစ်ရာ နည်းပညာများ၊ သိပ္ပံပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရေး၊ စိတ်ဓာတ်မြင့်မားရေး၊ ပညာပေးအလင်းပြ အမျိုးသားရေး အနှစ်သာရပြည့်ဝသည့် တိုင်းကျိုးပြည်ပြု တေးကဗျာများ ပေါ်ထွက်လာရေးကို စာပေပညာရှင်များက ဝိုင်းဝန်းကြိုးပမ်း စွမ်းဆောင်သွားကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၀-၃-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေး တေးကဗျာ
၄:၃၀ ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၅၀ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅:၃၀ ၉။ ကျန်းမာသုတ
၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ Mail Box
၆:၄၅ ၁၄။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၁၇)
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၅၇)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ အိုင်စီတီသုတ
၂၁။ ရယ်ရွှင်စရာ ဟာသပဒေသာ **ယောကျ်ားများ မိန်းမများ** ဧရာ၊ ဖိုးကျော်၊ သူရလင်း၊ သဒ္ဒါထက်၊ အေးသီတာ၊ နှိုင်းယှဉ်မြင့်မိုရ် [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာပျိုကညာ** (အပိုင်း-၂၀)

ယာဉ်မှုဆိုင်ရာ မှုခင်းလျော့နည်းကျဆင်းရေး ဆွေးနွေး

ရန်ကုန် မတ် ၉

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးတို့ ကြီးမှူးကျင်းပသည့် ယာဉ်မတော်တဆထိခိုက်မှုအန္တရာယ်လျော့ပါးရေး၊ ပြည်သူများလုံခြုံချောမွေ့စွာ ခရီးသွားလာနိုင်ရေးနှင့် ယာဉ်မှုဆိုင်ရာ မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေး ဆွေးနွေးပွဲကို မတ် ၅ရက် နံနက်က မော်လမြိုင်မြို့ မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီရုံးနှင့် မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးတို့တွင် ဒုတိယအကြိမ် ကျင်းပသည်။

ဆွေးနွေး

ဆွေးနွေးပွဲတွင် မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရွှေအေး **(အပေါ်ပုံ)**က ယာဉ်မတော်တဆ ထိခိုက်မှုနှင့် မှုခင်းများမဖြစ်ပွားရေး၊ ဖြစ်ပွားခဲ့သည့် မှုခင်းများဖော်ထုတ်ရာတွင် ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများနှင့် ပြည်သူများ၏ အကူအညီလိုအပ်သည်ဖြစ်ရာ အားလုံးက ပူးပေါင်းပါဝင်ကူညီကြရန်လိုကြောင်းဖြင့် ဆွေးနွေးသည်။

ပညာပေးဟောပြော

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၊ ဆိုင်ကယ်မောင်းနှင်သူများက သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေး အကြံပြုကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ယာဉ်မတော်တဆထိခိုက်မှုအန္တရာယ်လျော့ပါးရေး၊ ယာဉ်မှုဆိုင်ရာမှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများကို မွန်ပြည်နယ် မော်လမြိုင်ခရိုင် မြို့နယ်ခြောက်မြို့နယ်ရှိ ယာဉ်လိုင်းဂိတ်စခန်း၊ ယာဉ်များရပ်နားသည့်ဂိတ်များတွင် စဉ်ဆက်မပြတ် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက်ပိတိုက်နယ်ဆေးရုံ မွမ်းမံပြင်ဆင်မှုပြီးစီး

မော်လမြိုင်ကျွန်း မတ် ၉

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်း မြို့နယ် ကျိုက်ပိတိုက်နယ် ပြည်သူ့ဆေးရုံ အား ပြင်သစ်ကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်း လှူဒါန်းမှုဖြင့် အသွင်သစ် ဘက်စုံမွမ်းမံ ပြင်ဆင်ပြီးစီးမှု ဖွင့်ပွဲအခမ်းအနားကို မတ် ၈ရက် နံနက် ၁၀နာရီက ကျိုက်ပိတိုက်နယ် ပြည်သူ့ဆေးရုံအဆောက်အအုံရှေ့၌ ကျင်းပ သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင် ကျော်ခိုင်၊ ခုတင် ၁၀၀ ဆံ့ဆေးရုံအုပ် ဒေါက်တာမျိုးသန့်၊ ပြင်သစ်ကြက်ခြေနီ အသင်း ဆောက်လုပ်ရေးတာဝန်ခံ မစ္စတာ ချားလ်နှင့် ရပ်မိရပ်ဖ ဦးကံမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျိုက်ပိ တိုက်နယ် ဆရာဝန် ဒေါက်တာသက် သက်ဝင်းက ကျေးဇူးတင်စကားပြောကြား သည်။

အဆိုပါ ကျိုက်ပိတိုက်နယ်ပြည်သူ့ ဆေးရုံအဆောက်အအုံအား ဘက်စုံမွမ်းမံ ပြင်ဆင်မှုလုပ်ငန်းများနှင့် အောက်ဆီဂျင် ထုတ်စက်၊ ပရိဘောဂဆေးပစ္စည်းများနှင့် ခုတင်များကို လှူဒါန်းပေးအပ်ခဲ့သည်။ (၁၄၂)

ရေဆင်း အထက(၄) အငြိမ်းစားဆရာ ဆရာမများ ပူဇော်ကန်တော့ပွဲ

နေပြည်တော် မတ် ၉

ရေဆင်းအထက(၄) ၁၉၈၄မှ ၁၉၉၂ ခုနှစ်အထိ အငြိမ်းစားဆရာ ဆရာမကြီး များအား ပထမအကြိမ် ပူဇော်ကန်တော့ပွဲ နှင့် ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို မတ် ၂၁ရက် (တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရေဆင်း အထက (၄)၌ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီး များနှင့် ကျောင်းသား ကျောင်းသူဟောင်း များတက်ရောက်ကြပါရန် ဖိတ်ကြားထား သည်။ ***(မြန်မာ့အလင်း)***

ကချင်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမောင် မောင်အောင် ဖေဖော်ဝါရီ ၁၆ရက်က မိုးညှင်း မြို့နယ်စည်ပင်သာယာရေး အဖွဲ့ ရုံးဝင်းပျိုးဥယျာဉ်အတွင်း ပန်း အလှပင်များ ပြုစုပျိုးထောင်ထားရှိမှု ကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးကျော်ဆန်းထွန်းက ရှင်းလင်း ပြသစဉ်။ (မြို့နယ်စည်ပင်)

မုံရွာမြို့ အလက(၂) အာစရိယပူဇော်ပွဲ

မုံရွာ မတ် ၉

မုံရွာမြို့ အလက-၂(ပြာသဒ်ကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၆ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါ ရန်နှင့် အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက ဦးမြတ်ဇော် (သစ်သားအချောထည်) ဖုန်း-၀၇-၂၁၃၀၈၁၈၊ ဦးလှဟန်(ကုန်သည်) ဖုန်း-၀၇-၂၁၃၀၄၇၃၊ ဦးရဲအောင် (ကုန်သည်)ဖုန်း-၀၇-၂၁၃၀၅၃၀၊ ဦးစိုးစိုးဝင်း (ပလတ်စတစ်လုပ်ငန်း)ဖုန်း-၀၇-၆၈၁၇၀၄၈၊ ဦးဝင်းချို(ရေနံလုပ်ငန်း)ဖုန်း-၀၇၁-၂၁၀၇၇၊ ဦးရဲထွန်းဝင်း (သီးနှံရောင်း ဝယ်ရေး) ဖုန်း-၀၇-၆၄၅၁၀၇၁၊ ဦးမျိုးညီညီ (ကုန်သည်) ဖုန်း-၀၇၁-၂၁၈၀၇၊ ဒေါ်စန္ဒာ(အိမ်ဆောက်ပစ္စည်း) ဖုန်း-၀၇၁-၂၃၅၃၂နှင့် ဦးမျိုးညွန့်(ပုံနှိပ်လုပ်ငန်း) ဖုန်း-၀၇၁-၂၁၃၈၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ (၈)၊ အမှတ်(၂၀) ထွက်နေပြီ

ရန်ကုန် မတ် ၉

ယခုအပတ် သတင်းဂျာနယ်တွင် ရန်ကင်းပညာရေးကောလိပ်၌ ပညာဒါန တက္ကသိုလ်ဝင်တန်း ဟောပြောပို့ချ၊ အနယ်နယ်အရပ်ရပ်အသင်းဝင်များထံမှ ရောက်ရှိလာသော ပေးစာများ၊ ရုပ်ကြယ်ကို တောင်ဘက် ရွှေ့ခိုင်းနေသည့်အလား (ဖေထွဏ်းဇော်-ရေစကြို)၊ ယခုအပတ် စာမျက်နှာပေါ် စန်းတင်လာသမျှ၊ ပွင့်လင်းရာသီ အတွက် ချောင်းသာဟိုတယ်များ ကြိုတင်ပြင်ဆင် (သတင်းထောက်-မြင့်မောင်)၊ သူ့ကျွန်မခံတော်လှန်ခဲ့သော ချင်းတိုင်းရင်းသားတို့၏ ပြည်ထောင်စုစိတ်ဓာတ် (လှမြင့်- ရန်ကုန်တက္ကသိုလ်)၊ အွန်လိုင်းစာရေးသူ စာဖတ်သူများ စုပေါင်း၍ မိဘမဲ့ ကလေးများအတွက် အလှူငွေပေးအပ်၊ အမြို့မြို့အနယ်နယ်မှ ပြည်တွင်းသတင်း များနှင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့် သတင်းများဖြင့် ယခုအပတ် ရွှေနိုင်ငံသတင်းဂျာနယ်ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။

ဂျာနယ်ဝယ်ယူရရှိနိုင်သော နေရာများမှာ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ဝါမိုးအောင်စာပေနှင့် ဗိုလ်တထောင်မြို့နယ် ဂျိုကာစာပေနှင့် ၄၆လမ်း အရောင်းဆိုင်များ၊ တာမွေကျောက်မြောင်း သိတာလမ်း ဂျာနယ်ဥယျာဉ် ဆိုင်တို့တွင် ဝယ်ယူရရှိနိုင်ပြီး အနယ်နယ်အရပ်ရပ်မှ သတင်းပေးပို့လိုသူများနှင့် ဆက်သွယ်မှာယူလိုသူများအနေဖြင့် စာတည်းမှူးချုပ် ရွှေနိုင်ငံသတင်းဂျာနယ် အမှတ်(၈) ပန်းခြံတာဝါ ဒုတိယထပ် ဓမ္မစေတီလမ်းနှင့် ဗားဂရာလမ်းထောင့် စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၃၀၂ သို့ ဆက်သွယ်နိုင်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ဥပဒေများနှင့် စပ်လျဉ်း၍ နေ့စဉ်ထုတ်သတင်းစာများ၌ အချပ်ပိုအဖြစ်ထည့်သွင်းဖော်ပြပေးလျက်ရှိသည့်အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ကြော်ငြာသင်ပုန်း၌ ကပ်ထားပေးပြီး ပြည်နယ်/တိုင်း အသီးသီးသို့လည်း ပေးပို့ထားပြီးဖြစ်

နေပြည်တော် မတ် ၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၁၀ပြည့်နှစ် မတ် ၈ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေများနှင့်စပ်လျဉ်း၍ ၎င်းဥပဒေများကို နေ့စဉ်ထုတ်သတင်းစာများ၌ အချပ်ပိုအဖြစ် ထည့်သွင်းဖော်ပြပေးလျက်ရှိသည့်အပြင် ပြည်သူအများ ပြည့်စုံစွာလေ့လာ သိရှိနိုင်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ကြော်ငြာသင်ပုန်း၌ အပြည့်အစုံကပ်ထားပေးပြီးဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်း အသီးသီးသို့လည်း ၎င်းဥပဒေများကို ပေးပို့ထားပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီးဦးအုန်းသွင် ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၁၀

မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအုန်းသွင်သည် ၎င်း၏ သံအမတ်ခန့် အပ်လွှာကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၇ရက်တွင် မာလီမြို့၌ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာမိုဟာမက်နာရှစ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

ပဲခူးတံတားတည်ဆောက်နေမှု

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ပဲခူးတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

ရန်ကုန်-မန္တလေးလမ်းပေါ်ရှိ ပေ ၃၆၀ရှည် ပဲခူးတံတား သံကူကွန်ကရစ်ဘိုးပိုင်နှင့် ကြိုတင်အားဖြည့်ရက်မတို့ဖြင့် တည်ဆောက်ထား

ရန်ကုန် မတ် ၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ် ၆ရက်တွင် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း မိုင်တိုင်အမှတ် (၄၉/၆)ရှိ ပဲခူးမြို့တွင်း ခြောက်လမ်းသွား ပဲခူးတံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိ၍ လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးအား တံတား တည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့ (၂)လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာမှူး ဒေါ်သန်းရီက တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက် ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး လုပ်ငန်း ပိုင်းဆိုင်ရာများကို မှာကြားကာ လုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

တည်ဆောက်ထား

ပဲခူးတံတားသည် ပဲခူးမြို့တွင်း၌ တည်ရှိ၍ တံတားအရှည် ပေ ၃၆၀ရှိကာ သံကူကွန်ကရစ် ဘိုးပိုင်နှင့် ကြိုတင် အားဖြည့်ရက်မကြမ်းခင်းတို့ဖြင့် တည် ဆောက်ထားပြီး ယာဉ်သွားလမ်း အကျယ် ၇၂ပေ၊ ယာဉ် ခြောက်လမ်းသွားနှင့် လူသွား လမ်းတစ်ဖက်လျှင် ခြောက်ပေစီ ပါရှိသည်။ တံတား၏ ခွင့်ပြုအလေးချိန်မှာ ယာဉ် တစ်စီးချင်း တန် ၆၀ ဖြစ်ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား

နေပြည်တော် မတ် ၉

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၅ရက် နံနက် ၉နာရီတွင် အဆိုပါတက္ကသိုလ် ဘွဲ့နှင်း သဘင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ (ယာပုံ)နှင့် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခ ချုပ် ဦးဇော်မင်းသိန်းတို့က ဘွဲ့လက်မှတ်များ ကို အပ်နှင်းကြသည်။

အမှာစကားပြောကြား

ထို့နောက် တက္ကသိုလ်ကောင်စီဒုတိယ ဥက္ကဋ္ဌဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကားပြောကြား ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

အခမ်းအနားအပြီးတွင် တက္ကသိုလ် ကောင်စီဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူသည် ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူ များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေး စကားပြောကြားခဲ့ကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

အဆိုပါ ပန်းကန်ပြားပျံကို ရဟတ်ယာဉ်နှင့် ဂြိုဟ်တုနည်းပညာများအပေါ် အခြေခံ၍ တီထွင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။ ။

(အင်တာနက်)

တိမ် အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရာသီဘွဲ့အက်ဆေး

ရွက်ဟောင်းကြွေ၍ ရွက်သစ်တို့ နုဝေသောအခါ

ရေးသားသူ ➤ ဝိသုဇ္ဇက (ပဲခူး)

တပေါင်းရယ်တဲ့မိန်ရာသီ၊ ရွက်ဟောင်းကိုလေနှင်လို့၊ ပန်းတော်ဝင်၊ ရွှေအင်ကြင်းငယ်၊ သင်းပျံ့ခဲ့ပြီ။ နီတျာသန္တာနှစ်လိုပ၊ စီအမြွာညာ သရစ်ကယ်တို့၊ ဝနာသစ်ပြောင်းခါမီ၊ ဆောင်းရာသီရယ်တဲ့ကုန်ကျွမ်း။ ဘရဂုဏ္ဍီမှာ တူအညီသော်တာပြည့်ပါလို့၊ မျှော်ကြည့်သူ ကြည်ကြည်သာ၍ သည်အခါနွေသောင်ဦးမှာလ သဲစေတီသဘင်ထူးကို မြူးလို့ပျော်ခန်း။

ဦးပြုံးချို၏တပေါင်းလဘွဲ့ လေးဆစ်သဖြန်

တပေါင်းလသည် ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေသောလဖြစ်၏။ ဆောင်းရာသီဆုတ်ခွာလျက် နွေရာသီဝင်တော့မည့် အချိန်အခါဖြစ်၏။ ဤသည်ကိုရည်ရွယ်၍ နွေ့ပူလို့ညချမ်း တပေါင်းလသရမ်းဟုဆိုစမှတ်ပြုကြသည်။ ကဗျာကဝိပညာရှိတို့က တပေါင်းလကို တင့်တယ်သာယာသောလဟုမှတ်ယူကြသည်။ တပေါင်းလကုန်လုနီးသော ဝဿန္တရတုကို သက္ကတ၌ "ရတုရာဇ" ဟုခေါ်သည်။ ရတု (ဝါ) ရာသီဥတုတကာတို့တွင် ရာဇ(ဝါ) ဘုရင်ဖြစ်သည်ဟုဆို၏။ ထိုသို့သာယာပုံကို ပေလေးပင်၊ ရှင်လေးပါးတွင်အပါအဝင်ဖြစ်သော ရှင်အုန်းညို (သက္ကရာဇ် ၈၁၅-၈၅၅)က ဂါထာခြောက်ဆယ်ပျို့တွင်-

"တိမ်ညိုမိုလွှာ၊ တိမ်စုကာနှင့် တိမ်ပြာရောယှက်၊ မရန်းဖက်၍ တိမ်သက်တံ့ရောင်၊

အဝါဘောင်ဝယ်၊ မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တချို့၊ ညို့ခဲ့တစ်လီ၊ ရီခဲ့တစ်ဖုံ၊ မှုန်ခဲ့တစ်ချက်၊

ယုဂန်ထက်က၊ လေဖက်လုံးခြုံ၊ တိမ်ဂမ္ဘူန်လည်း၊ နဂါးရုံကြွေ၊ ရန်ချင်းတွေ့သော်၊

ခိုးငွေ့လွတ်ပြိုင်၊ ဂုဏ်ချင်းဆိုင်ခဲ့"

ဟူ၍ တပေါင်းလ၏ကောင်းကင်တိမ်များ လေရူးတိုက်ခတ်ပုံကို ပီပြင်စွာဖွဲ့ဆိုခဲ့သည်။

တပေါင်းဟူသောအမည်သည် တပို့တွဲကဲ့သို့ပင် ထန်းပင်ကိုအကြောင်းပြုကာ ပေါ်လာ၏။ ဤရာသီတွင် ထန်းရည်များကိုပေါင်းစပ် ကြိုချက်ကြ၏။ "ထန်းပေါင်း"ဟုခေါ်ဆိုရာမှ "တပေါင်း"သို့ရွေ့လျားလာခဲ့သည်။ ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် နှစ်မျိုးပြဆိုထားသည်။ ပထမအဓိပ္ပာယ်မှာ အမရကောသအဘိဓာန်ကျမ်းတွင် တပဿျား= ပူပန်ခြင်းကောင်းသောတပေါင်းလဟူ၍ ဖြစ်၏။ ကာလရှည်လျားသောကြောင့် သက္ကတဘာသာ တပဿျား-ပုဒ်မှပျက်၍ မြန်မာဘာသာတပေါင်းလဖြစ်သည်ဟူသော အယူအဆကို ရှေးဦးစွာ တင်ပြ၏။ ထိုတပေါင်းလကိုပင် "တပံအာတပံ သြဂဏ္ဍောဂစ္ဆတိတိတပေါင်း"ဟူ၍ရှေးဆရာမြတ်တို့ ဝိဂြိုဟ်ပြုကြ၏။

ဝန်ကြီးပဒေသရာဇာ၏ ထန်းတက်သမားဘွဲ့၌ နွေဦးကာလတပေါင်းလတွင် ထန်းတက်၍ ထန်းရည်သိမ်းဆည်းပြီးလျှင် ထန်းလျက် ချက်သည်ကိုဖွဲ့ဆိုထားသည်။ ဤသည်ကိုထောက်လျှင် ထန်းချက်သောလဟုဆိုက ယုတ္တိတန်သည်ဟုမှတ်ယူရန်ရှိ၏။

တချို့က ဤလရာသီတွင် နက္ခတ် ၁၂လုံး စုပေါင်းပေါ်ထွက်ခြင်းကြောင့် တပေါင်းလဟုခေါ်သည်။ ဤလတွင် ဖဂ္ဂုဏာခေါ် ဥတ္တရ ဘရဂုဏ္ဍီနက္ခတ်နှင့် စန်းယှဉ်ပြည့်၏။ ပြုဗ္ဗာဘဒြပိုဒ်နက္ခတ်နှင့် နေမင်းတို့ယှဉ်ကြ၏။ ဆံကျင်တာရာထွန်းပ၏။ ရာသီရုပ်မှာ ငါးနှစ်ကောင် ရေကူးနေပုံဖြစ်၏။

ရွက်သစ်လောင်း၍ ရွက်ဟောင်းမြေခသော တပေါင်းလတွင် သရဖီပန်းတို့ပွင့်ကြ၏။ "ရွှေဥသြတွန်သံသာ၊ နွေဦးပေါက်တော့မှာ"ဟု ဆိုရိုးစကားအရ ဥသြငှက်တို့ တွန်သံသာသည့် နွေဦးကာလရောက်လာပြီဖြစ်သည်။

"တပေါင်းလသာ၊ လ-တကာထက်၊ နှိုင်းရာဖက်ရှောင်၊ လများနောင်ကား၊ တောင်လည်းသာမော၊ တောလည်းသာထွေ၊ ရေလည်းသာလှ၊ ဖြူစွသောင်ပြင်၊ ငှက်ပေါင်း ရွှင်၍၊ သဘင်အညီ၊ သဲစေတီပု၊ မြှောက်ချီရွှင်ပ၊ လျှဒါန်းကြလျက်" ဟု စာဆိုဦးအောင်ကြီးက တပေါင်းလ ဘွဲ့ဖွဲ့ဆိုခဲ့သည့်အလျောက် တပေါင်းတွင် သဲပုံစေတီပူဇော်ခြင်းကို ပြုကြ၏။ ထေရာအပါဒါန်၌ ပြဆိုထားသည်မှာ နာရဒမည်သော ရသေ့ သည် ယမကတောင်အနီး ကျောင်းသင်ခန်း၌ သီတင်းသုံးစဉ် အမရိကမည်သောမြစ်သို့ ချဉ်းကပ်၍ သဲပုံစေတီကိုတည်သည်။ သက်တော်ထင်ရှား မြတ်စွာဘုရားကဲ့သို့ ရည်စူးကာရှိခိုး၏။ ဤအကျိုးဆက်ကြောင့် ကွယ်လွန်သောအခါ ဗြဟ္မာပြည်သို့ရောက်လျက် ဘဝအဆက်ဆက်၌ နတ်ဘုံနတ်နန်း၌ သိကြားမင်းအဖြစ် အကြိမ်ကြိမ်၊ လူ့ပြည်၌ စကြာဝတေးမင်းအဖြစ် အကြိမ်ကြိမ် နတ်စည်းစိမ်၊ လူ့စည်းစိမ်တို့ကို ခံစားရ၏ဟု ဖော်ပြထားသည်။

ထို့အပြင် ရှင်ဥတ္တမကျော်၏ တောလားကြီးတွင် တပေါင်းလ၏သာယာပုံကို

"..... မြချပ်ရွက်စိမ်း၊ လေညှင်းသိမ်း၍ မစိမ်းမြယ်၊ ရွှေဝါကြီသည်၊

လေပြန်လောင်းသုတ်၊ ရွက်ဟောင်းပြုတ်၍ ကျေးနှုတ်အသွင် ပရစ်ဆင်သို့ ...."ဟုလည်းကောင်း၊ "လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ယောင်ယီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတစ်ဝက်၊ မြတဝက်နှင့် ဖက်၍ ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား"ဟူ၍ လည်းကောင်း ရောင်စုံပန်းချီကားကြီးသဖွယ် ရွက်ဟောင်းတို့ကြွေ၊ ရွက်သစ်တို့နုဝေလျက် အသစ်အသစ်တို့ ဖြစ်ပေါ်ပုံကို ဖွဲ့ဆိုထားခဲ့ပါ ကြောင်း။ ။

(မြန်မာ့အလင်း)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အလယ်တန်းဆရာအတတ်သင်တန်း သင်တန်းဆင်းပွဲနှင့် ပညာရေးဘွဲ့(၄)နှစ်သင်တန်း အမှတ်စဉ်(၄၁)ဘွဲ့ရများအား အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၉

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အလယ်တန်း ဆရာအတတ်သင်တန်းအမှတ်စဉ်(၁၉) သင်တန်း ဆင်းပွဲနှင့် ပညာရေးဘွဲ့ (၄)နှစ် သင်တန်းအမှတ်စဉ်(၄၁)မှ ဘွဲ့ရရှိသူများအား အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို မတ် ၅ရက် မွန်းလွဲ ၁နာရီတွင် အဆိုပါ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဖတ်ကြားတင်ပြ

ရှေးဦးစွာ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်ကြားရေး) ဦးငွေလွင်က အလယ်တန်းဆရာအတတ်သင်တန်း အမှတ်စဉ်(၁၉)နှင့်စပ်လျဉ်း သော အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက အလယ်တန်း ဆရာ အတတ်သင်တန်းဆင်း သင်တန်းသားသင်တန်းသူ ၁၃ဦးတို့အား သင်တန်း ဆင်းလက်မှတ်များကိုပေးအပ်ပြီး ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကိုယ်စားလှယ်များက ပညာရေး ဘွဲ့(၄)နှစ်သင်တန်း အမှတ်စဉ်(၄၁) ဘွဲ့ရများအား အလုပ် ခန့်အပ်လွှာများကို ပေးအပ်သည်။

ချီးမြှင့်

ထို့နောက် ပါမောက္ခချုပ်က အလယ်တန်းဆရာအတတ်သင်တန်း အမှတ်စဉ်(၁၉)မှ ထူးချွန်ဆုရသူများအား ဆုများကို ပေးအပ်ချီးမြှင့် ကာ သင်တန်းဆင်း အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အာဖဂန်၌ တပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်ရေး နေတိုးအတွင်းရေးမှူးချုပ် မေတ္တာရပ်ခံ

ပရာဟာ မတ် ၉

အာဖဂန်နစ္စတန်သို့ စစ်ဘက်ဆိုင်ရာ ဆေးဝန်ထမ်း ၃၂ဦးနှင့် လေတပ်နည်းပြ၁၉ဦး စေလွှတ်ပေးရန် ချက်သမ္မတနိုင်ငံသို့ မိမိမေတ္တာရပ်ခံထားကြောင်း မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့(နေတိုး)အတွင်းရေးမှူးချုပ် အင်ဒါစ်ဖိုးရာ့စမူဆင်က သတင်းစာဆရာများအား မတ် ၇ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ပြောကြား

လေတပ်နည်းပြဆရာများသည် အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များအား စစ်ရေးနည်းပြသင်ကြားပေးရမည်ဖြစ်ပြီး ကျန်ဝန်ထမ်းများသည် ဆေးဘက်ဆိုင်ရာ တာဝန်ထမ်းဆောင်ပေးကြရမည်ဖြစ်ကြောင်း နေတိုးအတွင်းရေးမှူးချုပ်က ပြောကြားသည်။

သို့ရာတွင် ချက်သမ္မတနိုင်ငံအစိုးရ တာဝန်ရှိသူများထံမှ တစ်စုံတစ်ရာ အကြောင်းပြန်ကြားချက် မရရှိသေးကြောင်း နေတိုးအတွင်းရေးမှူးချုပ်က ထပ်လောင်းပြောကြားသည်။

အမ်အင်န်အေးဆင်ဟွာ

ကားပြပွဲပါဝင်ပြသ

မတ် ၉ရက်က ဆွားဇီးယားနိုင်ငံ ဘယ်လ်ဂိတ်မြို့၌ ကားပြပွဲကျင်းပရာ ပြည်တွင်းနှင့် နိုင်ငံခြားကုမ္ပဏီများမှ ကားစီးရေ ၃၇၀ပါဝင်ပြသကြစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်၏ လတ်တလောဆောင်ရွက်မှုများ နှစ်နိုင်ငံဆက်ဆံရေးထိခိုက်ဟု တရုတ်ပြောကြား

ပေကျင်း မတ် ၉

တရုတ်နိုင်ငံ၏ အဓိကအကျိုးစီးပွားနှင့် တရုတ်-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးကိုထိခိုက်စေသည့် အမေရိကန်အစိုးရ၏ လတ်တလောဆောင်ရွက်မှုများကို တရုတ်အစိုးရက ဆန့်ကျင်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်ဂျီချီက မတ် ၇ ရက်တွင် ပြောကြားသည်။

ယန်ဂျီချီက တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် နှစ်ပတ်လည်အစည်းအဝေးပြင်ပ၌ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အာဏာရ

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် လွန်ခဲ့သည့်နှစ်အတွင်းက အာဏာရခဲ့ပြီးနောက် တရုတ်-အမေရိကန်နှစ်နိုင်ငံဆက်ဆံရေးမှာ အခြေအနေကောင်းမွန်ခဲ့သော်လည်း လတ်တလော အမေရိကန်၏ ဆောင်ရွက်ချက်များမှာ နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေသည်ဟု ယန်က ပြောကြားသည်။

အမ်အင်န်အေးဆင်ဟွာ

ဩစတြေးလျတောင်ပိုင်း၌ မုန်တိုင်းတိုက်ခတ်

ကင်ဘာရာ မတ် ၉

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ မတ် ၈ရက်က ၃၈နှစ်အတွင်း အပြင်းထန်ဆုံး မုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် ဗိတိုရိယပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ရေလွှမ်းမှုဖြစ်ပွား

လေမုန်တိုင်းနှင့်အတူ တင်းနစ်ဘောလုံးအရွယ် မိုးသီးများကြွေကျခဲ့သည်။ ယင်းလေမုန်တိုင်းဒဏ်ကြောင့် ဗိတိုရိယပြည်နယ်ရှိ အိမ်ခြေ ၁၀၀၀၀၀ခန့် လျှပ်စစ်မီးပြတ်တောက်သွားသည်။ တစ်ချိန်တည်းမှာပင် ကွင်းစလန်းဒေသတွင် ရေလွှမ်းမှုဖြစ်ပွားကာ ဒေသခံပြည်သူများ ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးကြရသည်။

ဆုံးရှုံး

မုန်တိုင်းဒဏ်ခံစားရသည့် ဒေသများ၌ ရေလွှမ်းသဖြင့် ကောက်ပဲသီးနှံစိုက်ခင်းများ၊ လမ်းများ၊ အဆောက်အအုံများ ပျက်စီးကာ စီးပွားရေးအရ ဒေါ်လာသန်းပေါင်းရာချီ၍ ဆုံးရှုံးခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ယင်းဖြစ်ပွားမှုကြောင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများလည်း လုပ်ဆောင်လျက်ရှိကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

(အင်တာနက်)

တူရကီနိုင်ငံ အီလာဇစ်ပြည်နယ် အိုကူလာကျေးရွာ၌ အင်အားပြင်းထန်သော ငလျင်လှုပ်ခဲ့ပြီးနောက် အပျက်အစီးများကို မတ် ၉ရက်က တွေ့ရစဉ်။(ယင်းငလျင်မှာ မတ် ၈ရက်က လှုပ်ခဲ့ခြင်းဖြစ်ပြီး သေဆုံးသူ ၇၅ဦးအထိ ရှိသွားပြီဖြစ်သည်။) (အင်တာနက်ဓာတ်ပုံ)

အီတလီလေဆိပ်၌ ခန္ဓာကိုယ်ရှာဖွေစက်များ စတင်အသုံးပြု

ရောမ မတ် ၉

အမေရိကန်သို့ ပျံသန်းမည့် လေယာဉ်တစ်စင်းအား ဗုံးဖြင့်တိုက်ခိုက်ခဲ့ရာ မအောင်မြင်ဖြစ်ခဲ့ရပြီးနောက် အီတလီအစိုးရက လုံခြုံရေးအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်သည့်အနေဖြင့် လေဆိပ်တွင် လူ့ခန္ဓာကိုယ်ရှာဖွေစက်ဖြင့် မတ် ၄ရက်မှစတင်ကာ ပထမဆုံးအကြိမ် စတင်စမ်းသပ် အသုံးပြုလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။

အီတလီနိုင်ငံရောမမြို့ နိုင်ငံတကာလေဆိပ်၌ ပထမဆုံး ရှာဖွေစက်ကို အသုံးပြုခြင်းဖြစ်သည်။ ယင်းကြောင့်ခရီးသည်များ လုံခြုံစိတ်ချမှု ရှိစေမည်ဖြစ်သည်ဟု နိုင်ငံပိုင် အသံလွှင့်ဌာနက သတင်းထုတ်ပြန်သည်။

ရှာဖွေစက်များ စတင်အသုံးပြုရာသို့ ကျန်းမာရေးဝန်ကြီး ဖာဇီယိုလည်းရောက်ရှိလာပြီး ခန္ဓာကိုယ်ရှာဖွေစက်များ၏ ထုတ်လွှတ်မည့်ရောင်ခြည်များသည် ကျန်းမာရေးအန္တရာယ်မရှိကြောင်း ၄င်းကပြောကြားသည်။ **(အင်တာနက်)**

အစ္စရေးတို့ ဂါဇာကမ်းမြောင် ပိတ်ဆို့မှုကြောင့် ဒေသခံ ၅၀၀သေဆုံးဟု ပါလက်စတိုင်းအမတ်ပြောကြား

ဂါဇာ မတ် ၉

အစ္စရေးက ဂါဇာကမ်းမြောင်ကို ရက်ပေါင်း ၁၀၀၀ ပိတ်ဆို့ခဲ့မှုကြောင့် အစာရေစာနှင့်ဆေးဝါးပြတ်လပ်၍ ပါလက်စတိုင်းပြည်သူ ၅၀၀ သေဆုံးခဲ့ကြောင်း ပါလက်စတိုင်းအမတ်တစ်ဦးက ပြောကြားသည်။

အစ္စရေး၏ ပိတ်ဆို့မှုကြောင့် ဆေးဝါးပြတ်လပ်မှုများပေါ်ပေါက်ခဲ့ပြီး သေဆုံးသူများပြားခဲ့သည်ဟု အမတ်အယ်လ်-ခူဒါရီ၏ ပြောကြားချက်ကို မန်သတင်းဌာနက ကိုးကားဖော်ပြသည်။ မတ် ၇ရက်အထိ အစ္စရေးက ဂါဇာကမ်းမြောင်ကို ပိတ်ဆို့မှုသည် ရက်ပေါင်း ၁၀၀၀ ရှိပြီး အကျိုးဆက်အဖြစ် အစ္စရေးပြည်သူပြည်သား ၁ ဒသမ ၅သန်း အရေးကြီးသည့် စားနပ်ရိက္ခာပစ္စည်းများ ပြတ်လပ်ခဲ့ကြရသည်။ အစ္စရေး၏ ပိတ်ဆို့မှုကြောင့် ပြည်သူများအတွက် အန္တရာယ်ကျရောက်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုဘဝအခြေအနေများ ထိခိုက်ခဲ့ရသည်ဟု အယ်လ်-ခူဒါရီက ဆက်လက်ပြောကြားသည်။

ပျက်စီး

ထို့ပြင် ပါလက်စတိုင်း၏ စီးပွားရေးပျက်စီးခဲ့ရပြီး လူ ၁၄၀၀၀၀ ခန့် အလုပ်လက်မဲ့ ဖြစ်ခဲ့ကြရသည်ဟု ၄င်းက ထပ်လောင်း ပြောကြားသည်။ **(အင်တာနက်)**

လာဟိုးတွင် ဗုံးပေါက်ကွဲ ၁၁ဦးသေဆုံး၊ ၆၁ဦးဒဏ်ရာရ

အစ္စလမ္မာဘတ် မတ် ၉

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်းဒေသ လာဟိုးမြို့၌ မတ် ၈ရက် နံနက်ပိုင်းတွင် ဗုံးပေါက်ကွဲသဖြင့် ၁၁ဦးထက်မနည်း သေဆုံးပြီး အခြား ၆၁ဦးဒဏ်ရာရရှိကြောင်း အင်တာနက်သတင်းအရ သိရသည်။

အစိုးရ စုံစမ်းစစ်ဆေးရေးဌာန (အက်ဖ်အိုင်အေ) အဆောက်အအုံအနီး မိုဒယ်မြို့ ဒေသတစ်ဝိုက်တွင်မတ် ၈ရက်က ပေါက်ကွဲမှုဖြစ်ပွားခြင်း ဖြစ်သည်။ **(အောက်ပုံ)**

ဒဏ်ရာရသူများ၏ အခြေအနေသည် ဆိုးရွားသဖြင့် သေဆုံးသူဦးရေ မြင့်မားလာနိုင်သည်ဟု ရဲတပ်ဖွဲ့မှ တာဝန်ရှိသူ မိုဟာမက်ရီယက်ဇ်က အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။ ဗုံးပေါက်ကွဲမှုကြောင့် အက်ဖ်အိုင်အေ အဆောက်အအုံနှင့် အနီးအနားရှိ အဆောက်အအုံများ ပျက်စီးသည်ဟုသိရသည်။

ယင်းပေါက်ကွဲမှုသည် ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း အပြင်းထန်ဆုံး ပေါက်ကွဲမှုဖြစ်သည်။

(အင်တာနက်)



ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့၌ကျင်းပသည့် ကမ္ဘာ့အကြီးဆုံးနည်းပညာပြပွဲ၌ စက်ရုပ်ဘောလုံးပြိုင်ပွဲကို မတ် ၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တာလီဘန်တပ်မှူး လုံခြုံရေးတပ်များဖမ်းဆီးမိ

ကဘူးလ် မတ် ၉

အာဖဂန်နစ္စတန်လုံခြုံရေးတပ်များက ဂါနီပြည်နယ်တွင် ဒေသခံတာလီဘန်တပ်မှူး မူလာနီမာတူလာကို ဖမ်းဆီးလိုက်ကြောင်း ပြည်နယ်ရဲမှူးကြီး ခါယာဘက်က မတ် ၇ရက်၌ ထုတ်ဖော်ပြောကြားသည်။

ဖမ်းဆီး

တောင်ပိုင်းဂါနီပြည်နယ် ကရာကတ်စ်ခရိုင်တွင် မတ် ၆ရက် မွန်းလွဲပိုင်းက စစ်ဆင်ရေးပြုလုပ်စဉ် ဒေသခံ တာလီဘန်တပ်မှူးအား ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

အမ်အင်န်အေးဆင်ဟွာ

အာဖဂန်နစ္စတန်၌ တာလီဘန်နှင့်ဟစ်ဇ်ဘိုလာအဖွဲ့ ပစ်ခတ်မှုဖြစ်ပွား၍ ၇၉ဦးသေဆုံး

ကန်ဒါဟာ မတ် ၉

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘာလန်ပြည်နယ်၌ မတ် ၇ရက်က တာလီဘန်စစ်သွေးကြွများနှင့် ဟစ်ဇ်ဘိုလာအစ္စလာမ္မစ်အဖွဲ့တို့ ပစ်ခတ်မှုဖြစ်ပွားရာ ၇၉ဦး သေဆုံးကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

ယင်းဖြစ်ပွားမှုကြောင့် သေဆုံးသူများတွင် အရပ်သား ၁၉ဦးပါဝင်သည်ဟု ထပ်လောင်းပြောကြားသည်။ အာဖဂန်နစ္စတန်၌ အစ္စလာမ္မစ်အဖွဲ့သည် အဖွဲ့ဝင် ဒုတိယအများဆုံးဖြစ်သည်။ **(အင်တာနက်)**

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်/ဆက် ဦးစီးဌာန၌ e-Library ဖွင့်လှစ်နိုင်ရေး ပထမအကြိမ် ငွေလှူဒါန်း

ရန်ကုန် မတ် ၉

ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ e-Library ဖွင့်လှစ် နိုင်ရေးအတွက် ပထမအကြိမ်အလှူရှင်များက ငွေ၊ ပရိဘောဂ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ လှူဒါန်းပွဲကို မတ် ၅ရက် နံနက် ၁၀နာရီက ခရိုင်စာကြည့်တိုက်၌ကျင်းပရာ ရှေးဦးစွာ ခရိုင် ဥက္ကဋ္ဌ ဦးအေးဟန်က အမှာစကားပြောကြားသည်။ (ဝဲပုံ)

လှူဒါန်း

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော ဒေါက်တာမြသီတာ (အက်စ်အိုင်ကုမ္ပဏီ)က ငွေကျပ်၁၀သိန်းကို လည်းကောင်း၊ အကယ်ဒမီဆေးကုခန်းမိသားစုက ငွေကျပ်၁၀သိန်းကိုလည်းကောင်း၊ ဦးတင်မောင်ဝင်း(တော်ဝင်မြန်မာ)က ငွေကျပ်၁၀သိန်းကိုလည်းကောင်း၊ ဦးရဲအောင်(သီရိကုမ္ပဏီ)က ငွေကျပ်ခြောက်သိန်းကို လည်းကောင်း၊ ဒေါ်အေးခန့်(ဒဂုံမြို့နယ်)က ငွေကျပ်ငါးသိန်းကို လည်းကောင်း၊ အခြားအလှူရှင် ၁၀ဦးတို့က ငွေကျပ်နှစ်သိန်းစီနှင့် တစ်သိန်းစီကိုလည်းကောင်း e-Library အတွက် လှူဒါန်းကြရာ ခရိုင်ဥက္ကဋ္ဌ ဦးအေးဟန်၊ ခရိုင်အတွင်းရေးမှူးဦးစိုးမြင့်နှင့် ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်ဦးတို့ကလက်ခံ၍ ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ကြသည်။ အဆိုပါလှူဒါန်းပွဲတွင် အလှူရှင် ၁၆ဦးက ငွေကျပ် ၆၅၀၅၀၀၀ကို လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

မတ် ၆ရက်က တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် အရိုးကုန်းရပ်ကွက်ရှိ ၁၄၆လမ်းနှင့် ၁၄၇လမ်းတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်ကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ဖုံး၊ သွန်၊ လဲ၊ စစ် အသိပညာပေးခြင်းနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် စုပေါင်းဆောင်ရွက်ကြစဉ်။ (၁၇၁)

အလင်းရောင်(၁) စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ ပေါင်မြို့နယ် ရင်းငြိမ်တောင်ကျေးရွာတွင်ကျင်းပ

ပေါင် မတ် ၉

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ပေါင်မြို့နယ် ရင်းငြိမ်တောင်ကျေးရွာတွင် အလင်းရောင်(၁)စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မတ် ၂ရက် နံနက်ပိုင်းနာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

စာကြည့်တိုက်အဆောက်အအုံသစ်ကို ပေါင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်အောင်ဌေး၊ သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းကြည်စိန်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံသိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်အောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး ပေါင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး စံ(၅)ချက်ကို ဟောပြောဆွေးနွေးပြီး ကျေးရွာဥက္ကဋ္ဌ ဦးစံသိန်းက စာကြည့်တိုက် အဆောက်အအုံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူရှင်များကိုယ်စား ဒေါက်တာကျော်မြင့်က စာကြည့်တိုက်အတွက် ငွေပဒေသာပင် ငွေကျပ်၅၀၀၀၀ ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌက လက်ခံယူသည်။

အဆိုပါစာကြည့်တိုက်အဆောက်အအုံသစ်ကို ကျေးရွာပြည်သူများက စုပေါင်းဆောက်လုပ်လှူဒါန်းခဲ့ပြီး တန်ဖိုးမှာ ငွေကျပ် ၅၃၅၀၀၀၀ ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျိုက်ထို၌ကျင်းပ

ရန်ကုန် မတ် ၉

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၅ရက်က ကျိုက်ထိုမြို့ ကင်မွန်းစခန်းရှိ ကျိုက်ထီးရိုးတောင်တက် မော်တော်ယာဉ်အသင်းရုံး၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညီညီထွေးက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမောင်ချစ်က မထသအဖွဲ့အစည်းများ၏ ၂၀၀၉ခုနှစ် လုပ်ငန်းဆောင်ရွက်ခဲ့မှု နှစ်ချုပ်စာရင်းများအပေါ် ရှင်းလင်းတင်ပြကာ အတည်ပြုချက်ရယူပြီး တက်ရောက်လာကြသူများက လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ရွေးချယ်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ၂၀၀၉ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု စာရင်းချုပ်များအတည်ပြုပြီး လုပ်ငန်းတိုးတက်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော မြို့နယ်မထသကော်မတီဝင်များ၊ ဝန်ထမ်းများ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ဂုဏ်ပြုဆုချီးမြှင့်နိုင်ရေးအတွက် စိစစ်ရွေးချယ်ခဲ့သည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ကျိုင်းတုံမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၌ကျင်းပ

ကျိုင်းတုံ မတ် ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ကြီးမှူး၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(ကျိုင်းတုံ)က ဦးစီးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၄ရက် မွန်းလွဲ၂နာရီခွဲက ကျိုင်းတုံမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး (ကျိုင်းတုံ)မှ ပြည်နယ်ဦးစီးမှူး ဦးကျော်လွင် **(ဝဲပုံ)**က အဖွင့်အမှာစကားပြောကြားပြီး စစ်ဆေးရေးမှူး-၃ (ကညန) ဦးအောင်မိုးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ယာဉ်ထိန်းရဲတပ်ဖွဲ့ တာဝန်ခံ ဒုတိယရဲမှူးအေးလွင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဗီဒီယိုဆလိုက်များဖြင့်ရှင်းလင်းဟောပြောသည်။ **(ကညန ကျိုင်းတုံ)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အာဖဂန်နစ္စတန်သမ္မတ ပါကစ္စတန်သို့ ခရီးထွက်မည်

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းသည် နှစ်ရက်ကြာအလည်အပတ်ခရီးစဉ်အဖြစ် ပါကစ္စတန်နိုင်ငံသို့ မတ် ၁၀ရက်တွင် ထွက်ခွာမည်ဖြစ်ကြောင်း၊ ခရီးစဉ်အတွင်း ပါကစ္စတန်သမ္မတ အလီဇာဒါရီနှင့်တွေ့ဆုံကာ နှစ်နိုင်ငံကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း အာဖဂန်အရာရှိများက ပြောကြားသည်။

အစ္စတန်ဘူလ်လေဆိပ်၌ မီးလောင်မှုဖြစ်ပွား

တူရကီနိုင်ငံ အစ္စတန်ဘူလ်လေဆိပ်ရှိ ခရီးသည်နားနေဆောင်၌ လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်၍ မတ် ၉ရက်က အဆောက်အအုံမီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း တူရကီအရာရှိများက မတ် ၉ရက်တွင် သတင်းထုတ်ပြန်သည်။

အီကွေဒေါ်၌ ရေအားလျှပ်စစ်စက်ရုံ အီရန်တည်ဆောက်မည်

အီကွေဒေါနိုင်ငံတွင် ရေအားလျှပ်စစ်စက်ရုံသုံးရုံတည်ဆောက်ရန် အီရန်နှင့် အီကွေဒေါ် နှစ်နိုင်ငံတို့ မတ် ၉ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း၊ ယင်းစက်ရုံသုံးရုံ၌ ဓာတ်အားမဂ္ဂါဝပ် ၁၀၀ထုတ်လုပ်နိုင်သည့် စက်ရုံတစ်ရုံပါရှိကြောင်း အီရန်အရာရှိများက မတ် ၉ရက်၌ သတင်းထုတ်ပြန်သည်။

ပြင်သစ်တောင်ပိုင်း၌ ဆီးနှင်းများ ထူထပ်စွာကျဆင်း

စပိန်မှ ပြင်သစ်တောင်ပိုင်းသို့မောင်းနှင်မည့် ခရီးသည်တင်ရထားတစ်စင်း မတ် ၉ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျဆင်းမှုကြောင့် ရပ်ဆိုင်းထားရကြောင်း၊ ရထားခရီးသည် ၁၀၀ခန့် သောင်တင်လျက်ရှိကြောင်း စပိန်အရာရှိများက မတ် ၉ရက်တွင် ပြောကြားသည်။

ပါကစ္စတန် လာဟုကီမြို့၌ မီးလောင်မှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံ လာဟုကီမြို့ရှိ အမျိုးသမီးဘော်ဒါဆောင်တစ်ဆောင်၌ မတ်၉ရက် နံနက်က မီးလောင်မှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း လာဟုကီမြို့ရဲတပ်ဖွဲ့က မတ် ၉ရက်တွင် ပြောကြားသည်။

ဂါဇာနှင့်အီဂျစ်နယ်စပ်၌ ဥမင်ပြိုကျမှုဖြစ်ပွား

ပါလက်စတိုင်း ဂါဇာမြို့နှင့် အီဂျစ်နယ်စပ်ကို တူးဖော်ဖောက်လုပ်ထားသော မြေအောက်ဥမင်တစ်ခု မတ် ၉ရက်က ပြိုကျမှုဖြစ်ပွားရာ ပါလက်စတိုင်းတစ်ဦး သေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက မတ် ၉ရက်တွင် ပြောကြားသည်။

အစ္စရေး၌ နျူကလီးယားစွမ်းအင်စက်ရုံ တည်ဆောက်မည်

အစ္စရေးနိုင်ငံတွင် ဓာတ်အားလိုအပ်မှုကို ဖြေရှင်းနိုင်ရန် နျူကလီးယားစွမ်းအင်စက်ရုံတစ်ရုံတည်ဆောက်ရန် စီစဉ်နေကြောင်း၊ ယင်းစက်ရုံကို ယခုနှစ်ကုန်၌ စတင်ဆောက်လုပ်မည်ဖြစ်ကြောင်း အစ္စရေးအရာရှိများက မတ် ၉ရက်တွင် သတင်းထုတ်ပြန်သည်။

ဘရာဇီး၌ A(H1N1)ဖြင့် သေဆုံးသူ ၅၅၆ဦးရှိလာ

ဘရာဇီးနိုင်ငံ၌ A(H1N1) ရောဂါဖြင့် မတ် ၉ရက်က အမျိုးသားတစ်ဦးသေဆုံးခဲ့ရာ ယင်းရောဂါဖြင့်သေဆုံးသူဦးရေ ဘရာဇီး၌ ၅၅၆ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးအရာရှိများက အင်တာနက်၌ သတင်းထုတ်ပြန်သည်။

တရုတ် မြစ်ဝါမြစ်အတွင်း ရေခဲများဖုံးလွှမ်း

တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အပူချိန်ရေခဲမှတ်အောက်ကျရောက်ခဲ့ရာ မြစ်ဝါမြစ်အတွင်း ရေများခဲပြီး ရေခဲများဖုံးလွှမ်းလျက်ရှိကြောင်း၊ စက်လှေနှင့်သင်္ဘောများ သွားလာရေးအခက်အခဲဖြစ်လျက်ရှိကြောင်း တရုတ်အရာရှိများက မတ် ၉ရက်၌ ပြောကြားသည်။ **(အောက်ပုံ)**

(အင်တာနက်)

ဖွံ့ဖြိုးမှုအကောင်းဆုံးတွင်ပါဝင်သည့် မြို့ဇီးကုန်း

သတင်းခရီးသည်-မြင့်မောင်စိုး ➤ ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း) ➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် မတ် ၉

မြေအသုံးချမှု ကောင်းမွန်သော မြို့နယ်....။

သုံးသီးပုံစံစိုက်ပျိုးမှု အောင်မြင်သော မြို့နယ်....။

ဘက်စုံဖွံ့ဖြိုး အလှတိုးနေသော မြို့နယ်....။

ဤမြို့-ဤဌာနေ-ဤဒေသသည်ကား ပဲခူးတိုင်း(အနောက်ပိုင်း)ဆီက ဇီးကုန်းမြို့နယ်ပင်ဖြစ်၏။ မြန်မာ့အလင်း သတင်းခရီးသည်တို့သည် ဇီးကုန်းမြို့၏ တိုးတက်ပြောင်းလဲလာသော မြင်ကွင်းအဖုံဖုံကို လေ့လာခဲ့ကြသည်။

ဇီးကုန်းမြို့နယ်၏ မြေအသုံးချမှု တိုးတက်ကောင်းမွန်လာမှုများနှင့် စပ်လျဉ်း၍ ဇီးကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်စိုးက ဤသို့ဆို၏။

"ကျွန်တော်တို့ ဇီးကုန်းမြို့နယ်ရဲ့ မြေအသုံးချနိုင်မှုဟာ ၆၀၅၈၄ ဧကရှိပါတယ်။ ဒီအထဲမှာ သစ်တောကြိုးဝိုင်းဧရိယာ ၈၇၅၉ ဧက ပါဝင်ပါတယ်။ ပြီးတော့ မြို့မြေ၊ ရွာမြေနဲ့ အခြားမြေဧကတွေလည်း ပါဝင်ပါတယ်။ လက်ရှိ မြေအသုံးချနိုင်မှု ၆၀၅၈၄ ဧကမှာ စိုက်ပျိုးနေတဲ့ မြေဧကအနေနဲ့ ဧက ၅၃၇၂၀ရှိပါတယ်။ ဒါကြောင့် ဒီမြို့နယ်ဟာ မြေအသုံးချမှု အကောင်းဆုံးမြို့လို့ ဆိုရမှာဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဇီးကုန်းမြို့နယ်၏ နှစ်အလိုက် မိုးစပါး တိုးချဲ့ စိုက်ပျိုးနိုင်မှုကို လေ့လာကြည့်လျှင် ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်တွင် ၄၈၁၂၇ ဧကအထိသာ စိုက်ပျိုးနိုင်ခဲ့သည်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်း မိုးစပါး စိုက်ပျိုးနိုင်မှုမှာ ဧက ၅၀၄၆၀အထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။ ဤအချက်ကို သုံးသပ်ကြည့်ခြင်းဖြင့် ဇီးကုန်းမြို့နယ်၏ မြေအသုံးချမှုကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

"ဇီးကုန်းမြို့နယ်ဟာ မြေအသုံးချမှု အကောင်းဆုံးမြို့နယ်တစ်ခုဖြစ်ပါတယ်"

ဦးညွန့်စိုး၊ ဥက္ကဋ္ဌ
မြို့နယ်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ။

စိုက်ပျိုးမှုအောင်မြင်

သုံးသီးပုံစံစိုက်ပျိုးမှုဟု ဆိုရာဝယ် မိုးစပါး၊ မတ်ပဲ၊ နွေစပါးတို့ကို မြေတစ်ဧကတည်းတွင် ရာသီအလိုက် စိုက်ပျိုးခြင်းဖြစ်သည်။ ယင်းစိုက်ပျိုးမှုပုံစံအရ ဇီးကုန်းမြို့နယ်တွင် မိုးစပါးကို ၂၀၀၉ခုနှစ်အတွင်း ဧက ၅၀၄၆၀ အထိ စိုက်ပျိုးနိုင်ခဲ့သည်။ ယင်းမိုးစပါး ရိတ်သိမ်းအပြီး စပါးခင်းကျွတ်များတွင် မတ်ပဲကို အစိုဓာတ်အနည်းငယ်ဖြင့် စိုက်ပျိုးခြင်းဖြစ်ပြီး မတ်ပဲရာသီအပြီးတွင် နွေစပါး ဆက်လက်စိုက်ပျိုးခြင်းဖြစ်သည်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်း ဇီးကုန်းမြို့နယ်၌ နွေစပါးစီမံကိန်း ဧက ၁၁၂၀၀ ဖြစ်သော်လည်း ၁၁၅၁၁ ဧကအထိ တိုးချဲ့စိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဇီးကုန်းမြို့နယ်အတွက် နွေစပါးစိုက်ပျိုးရန် အဓိက စိုက်ရေကို တောင်ညိုရေလှောင်တမံနှင့် ဘော်ဘင်ရေလှောင်တမံတို့မှ ရရှိမည်ဖြစ်သည်။ ယင်းဆည်များ၏ ကျေးဇူးကြောင့် ဒေသနေတောင်သူများ ဝင်ငွေစီးပွား တိုးတက်လျက်ရှိသည်။

ဘက်စုံဖွံ့ဖြိုးအလှတိုး

ဇီးကုန်းမြို့နယ်သည် ဘက်စုံဖွံ့ဖြိုးတိုးတက်နေသောမြို့ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် မြို့နယ်စည်ပင်က မြို့တွင်းလမ်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေသကဲ့သို့ ကျေးလက်လမ်းများကိုလည်း တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် မြို့ဝင်မြို့ထွက်လမ်းများ သန့်ရှင်းသာယာလှပနေသကဲ့သို့ ပန်းခြံများမှာလည်း ပန်းပေါင်းစုံ၊ ရေတံခွန်တို့ဖြင့် တင့်တယ်လှပစွာ တွေ့ရသည်။ ဤမြို့နယ်အတွင်း မြို့နယ်စည်ပင်၏ ဦးဆောင်မှုဖြင့် ကျေးရွာများ၌ ကျေးလက်သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ခဲ့ရာ အဝီစိတွင်း ၁၂၈တွင်း တူးပေးနိုင်ခဲ့သည်။

ဇီးကုန်းမြို့နယ်၏ ပညာရေးကဏ္ဍကို လေ့လာကြည့်လျှင် ယခင်က အခြေခံပညာ အထက်တန်းကျောင်း နှစ်ကျောင်းသာ ရှိခဲ့ရာမှ ယခုအခါ တွဲဖက်အထက်တန်းကျောင်း နှစ်ကျောင်းနှင့် အထက်တန်းကျောင်းခွဲ နှစ်ကျောင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ဒေသနေ ကျောင်းသားလူငယ်များ ပညာသင်ကြားနိုင်ခွင့် ပိုမိုရရှိလာသည်။ ထို့အတူ အလယ်တန်းနှင့် မူလတန်းကျောင်းများလည်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အောင်ချက်

ဤသို့ အခြေခံပညာရေး တိုးတက်လာသဖြင့် တက္ကသိုလ်ဝင်တန်း အောင်ချက်မှာလည်း တစ်နှစ်ထက်တစ်နှစ် မြင့်မားလာခဲ့ရာ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ယင်းမြို့နယ်၏ တက္ကသိုလ်ဝင်တန်း အောင်ချက်မှာ ၃၄ ဒသမ ၈၁ ရာခိုင်နှုန်း ရှိသည်။

ဇီးကုန်းမြို့ အော်တိုအိတ်ချိန်းရုံး ဆက်သွယ်ရေးတာဝါတိုင်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ဆက်သွယ်ရေး

ဆက်သွယ်ရေး ကဏ္ဍတွင်လည်း ယခင်က လက်လှည့်အိတ်ချိန်းသာ သုံးခဲ့ရာမှ ယခုအခါ အော်တိုအိတ်ချိန်းဖုန်းများ တပ်ဆင်အသုံးပြုနိုင်ပြီဖြစ်သည်။ ဇီးကုန်းမြို့နယ်၏ အော်တိုအိတ်ချိန်းဖုန်းရုံးကို ၂၀၀၅ခုနှစ် ဇွန်၂ရက်က ဖွင့်လှစ်နိုင်ပေပြီ။ ယခုအခါ အော်တိုအိတ်ချိန်းဖုန်း အလုံးပေါင်း ၄၅၈လုံး တပ်ဆင်အသုံးပြုလျက်ရှိသည်။

ထို့ကြောင့် ဒစ်ဂျစ်တယ်ခေတ်ကို နောက်ကျ မကျန်ခဲ့ရလောက်အောင် ဂျီအက်စ်အမ်ဖုန်းများပင် တပ်ဆင် အသုံးပြုနေကြပေပြီ။ တစ်ချိန်က အိပ်မက်ပင် မမက်ဖူးသော ဂျီအက်စ်အမ် တယ်လီဖုန်းများကို ဇီးကုန်းမြို့နေ ပြည်သူများ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၈ရက်မှစ၍ ပြောဆိုနိုင်ကြသည်။

သို့ဖြစ်၍ ဇီးကုန်းမြို့နယ်သည် စိုက်ပျိုးရေး တိုးတက်အောင်မြင်နေသော မြို့နယ်တစ်ခုဖြစ်သကဲ့သို့ အဘက်ဘက်မှ တိုးတက်ပြောင်းလဲလာလျက်ရှိသည်ကို တွေ့မြင်ခဲ့ရပါကြောင်း ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ရန်ကုန်-ပြည်ကားလမ်းဘေးတွင် အများပြည်သူများ အပန်းဖြေ အနားယူနိုင်ရန် ဆောင်ရွက်ထားသော ဇီးကုန်းမြို့ ပန်းခြံအလှကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် မတ် ၉

ပျော်ဘွယ်စည်ပင် မြို့သာယာလှပရေးဆောင်ရွက်

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် မြို့တွင်းရှိ ရန်အောင်ပန်းခြံ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၉ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်စိုး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

ကျောက်ဆည်မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

ကျောက်ဆည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၇ရက် ညနေ ၃နာရီခွဲက ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲတွင် ကလိုင်ကျော်အသင်းက ကျောက်ဆောက်ကုန်းအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ **(ခရိုင် ပြန်/ဆက်)**

လပွတ္တာ၌ အရန်သားဖွားဆရာမ သင်တန်းဆင်း

လပွတ္တာမြို့နယ်၌ အရန်သားဖွားဆရာမ ခြောက်လ သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၆ရက်က အမှတ်(၇)ရပ်ကွက် အာဆီယံသင်တန်းခန်းမ၌ ကျင်းပရာ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရဲအေးက ဆုရရှိသူများအား ဆုချီးမြှင့်ပြီး သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာသန်းသန်းဝင်းက သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့သည်။ (ခရိုင် ပြန်/ဆက်)

ဖလမ်း၌ အထက(၂)လမ်း ကတ္တရာခင်း

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းဇော်သည် မတ် ၃ ရက်က ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော အထက(၂)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ဗိုလ်ချုပ်လမ်း အုတ်ရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးသည်။

(ခရိုင် ပြန်/ဆက်)

မိုင်းယုမြို့နယ်ဥက္ကဋ္ဌဖလား အမျိုးသမီးဘောလုံးပြိုင်

မိုင်းယုမြို့နယ်ဥက္ကဋ္ဌဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၄ ရက်က မြို့မအားကစားကွင်း၌ကျင်းပရာ မြို့မအသင်းက ဒွန်းနွဲ့အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ အလားတူ ဖေဖော်ဝါရီ ၅ ရက်က အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပရာ ဝန်ထမ်းပေါင်းစုံအသင်းက နယ်မြေခံတပ်နှင့် ရဲညွန့်ပေါင်း အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ (မြို့နယ် ပြန်/ဆက်)

ဘဝတစ်သက်တာကျွမ်းကျင်မှု အခြေခံသင်တန်းဆင်း

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် ယူနီဆက်ဖ်တို့ ပူးပေါင်းဖွင့်လှစ်သော ဘဝတစ်သက်တာကျွမ်းကျင်မှု အခြေခံထားသော လူငယ်ထုအကြား HIV ကာကွယ်တားဆီးရေး ဆင့်ပွားပညာပေးသင်တန်း အမှတ်စဉ်(၆/၂၀၁၀) ဆင်းပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ဇန်းမော်မြို့ ဓေယျမင်္ဂလာသာသနာ့ဗိမာန်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ချိုက အမှာစကား ပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

မူဆယ်၌ လက်တွေ့မီးငြိမ်းသတ် သရုပ်ပြလေ့ကျင့်

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၂)ဈေး မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်း၍ မီးသတ်ယာဉ်ဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်ကြသည်။ (မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး နမ္မတူ၌ သရုပ်ပြ

နမ္မတူမြို့ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုကို နမ္မတူမြို့ မြို့မဈေးနှင့် မြို့တော်ခန်းမတို့၌ ဖေဖော်ဝါရီ ၆ ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ငွေ၊ အတွင်းရေးမှူး ဦးအောင်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်ဝင်း၊ မြို့နယ်မီးသတ်တာဝန်ခံ ဦးလှညွန့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖားကန့်၌ ဆိပ်မူကျောက်ပိုင်းလမ်း ကတ္တရာခင်း

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်ဖြစ်သည့် ဆိပ်မူကျောက်ပိုင်းလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၇ ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြီးကြပ်ရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးထိုက်ဝင်းက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြသသည်။ (မြို့နယ်စည်ပင်)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်း ချက်ပြုတ်ခြင်းမပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သန့်ရှင်းသာယာလှပရေးနှင့် မြို့တွင်းရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ (၁၉)ရပ်ကွက် ရန်ကုန်-မန္တလေး လမ်းရေနုတ်မြောင်းဆယ်ယူမှုကို ဖေဖော်ဝါရီ ၉ရက်က (တာဝန်ခံအင်ဂျင်နီယာ) ဦးတင်မောင်အေး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

● *ကျော့ဖုံးမှ*

ကွာဝေး

အေးသာယာမြို့သစ်သို့ အဆင်း လမ်းအတိုင်း ဖြည်းဖြည်းမောင်းနှင်လာသော မော်တော်ယာဉ်ကြောင့် လမ်းဘေးဝဲယာမှရှုခင်းများကို လေ့လာခွင့်ရသည်။ စိမ်းညို့နေသော ရှမ်းတောင်တန်း၊ စပျစ်စိုက်ခင်းများနှင့် ချယ်ရီပင်များက တောင်ကြီးမြို့ဝန်းကျင် သဘာဝအလှကို ဖော်ပြနေသည်။ မကြာမီ အေးသာယာမြို့သစ်သို့ ရောက်ရှိပြီး အေးသာယာမြို့သစ် တောင်ဘက် တစ်မိုင်ခွဲခန့်အကွာ အေးသာယာစက်မှုဇုန်သို့ ဆက်လက်ထွက်ခွာခဲ့သည်။

ရောက်ရှိ

"အေးသာယာစက်မှုဇုန်"ဟူသော တည်ငြိမ်ခံ့ထည်စွာ ရေးသားစိုက်ထူထားသည့် ဆိုင်းဘုတ်ကို မြင်တွေ့ရသည်။ စက်မှုဇုန်အတွင်းရှိ အစည်းအဝေးခန်းမသို့ရောက်ရှိပြီး အေးသာယာစက်မှုဇုန်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးသန်းဝင်းနှင့်တွေ့ဆုံခဲ့သည်။ ဦးသန်းဝင်းက အေးသာယာစက်မှုဇုန်နှင့် ပတ်သက်ပြီး ရှင်းပြသည်မှာ-

"အေးသာယာစက်မှုဇုန်ကို ၁၉၉၉ ခုနှစ် ဖွန်လမှာ စတင်ထူထောင်ဖွင့်လှစ်ခဲ့တာပါ။ စက်မှုဇုန် အကျယ်အဝန်းက မြေဧက ၂၈၅ဧက ရှိပါတယ်။ အခုအချိန်မှာတော့ စက်ရုံ၊ အလုပ်ရုံတွေ ပုံမှန်လည်ပတ်နေပြီဖြစ်သလို ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကိုလည်း ထုတ်လုပ်နေကြပြီဖြစ်ပါတယ်"ဟု ဦးသန်းဝင်းက သတင်းအဖွဲ့အား ရှင်းပြသည်။

အေးသာယာစက်မှုဇုန်တွင် ချပေးထားသော မြေကွက်များမှာ ပေ ၄၀ × ပေ ၆၀ အကွက်များ အပါအဝင် လုပ်ငန်းရှင်များ လိုအပ်ချက် အတိုင်းအတာအပေါ်မူတည်ပြီး မြေနေရာအကျယ်အဝန်း သတ်မှတ်ပေးထားသည်။ စက်ရုံ၊ အလုပ်ရုံ အဆောက်အအုံများကိုလည်း မျက်စိတစ်ဆုံး မြင်တွေ့ရသည်။

"အေးသာယာ စက်မှုဇုန်မှာတော့ စားသောက်ရေး ထုတ်ကုန်လုပ်ငန်း၊ အိမ်ဆောက်ပစ္စည်း၊ သစ်စက်၊ ပရိဘောဂစသည်များပါဝင်သည့် နေထိုင်ရေးလုပ်ငန်း၊ လူသုံးကုန်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း၊ ကုန်ကြမ်းပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း (ဓာတ်မြေဩဇာနှင့် ကျောက်ပြား)၊ မော်တော်ယာဉ်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းနှင့် အထွေထွေစက်မှုလုပ်ငန်းစတဲ့စက်ရုံ၊ အလုပ်ရုံတွေ ပါဝင်ပါတယ်။ စက်မှုဇုန်မှာတော့ စက်ရုံ၊ အလုပ်ရုံ ၇၀၀ကျော် လည်ပတ်နေပြီး အရှိန်အဟုန်လည်း ရရှိနေပြီဖြစ်ပါတယ်"ဟု ၎င်းကဆက်လက်ရှင်းပြသည်။

စည်စည်ကားကား

အေးသာယာစက်မှုဇုန်တွင် အများစုမှာ အထွေထွေစက်မှုလုပ်ငန်းများဖြစ်ပြီး စားသောက်ကုန် လုပ်ငန်းလည်းများကြောင်း သိရသည်။ လက်ရှိအချိန်တွင် အေးသာယာစက်မှုဇုန်၌ ဝန်ထမ်း ၅၀၀၀ ခန့်ရှိရာ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေသည်။ စက်မှုဇုန်အတွင်း အလုပ်လုပ်ကိုင်နေသူများနှင့် သွားလာလှုပ်ရှားနေသူများကြောင့် စည်စည်ကားကားလည်း ရှိလှသည်။

အေးသာယာစက်မှုဇုန်-တောင်ကြီး၏ အဝင်ဆိုင်းဘုတ်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

"စက်မှုဇုန်မှာလာရောက် အလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေအတွက် ခရီးသွားလာရေး အဆင်ပြေဖို့အတွက် ယာဉ်လိုင်းပြေးဆွဲနေပါတယ်။ ဒါ့အပြင် သုံးဘီးယာဉ်တွေကိုလည်း ပြေးဆွဲပေးနေပါတယ်။ တောင်ကြီး-အေးသာယာ ခရီးစဉ်ပြေးဆွဲမှုက အလုပ်သမားတွေအတွက် အတော်လေး အဆင်ပြေမှု ရှိကြောင်း ကြားသိရလို့ ဝမ်းသာစရာပါပဲ" ဟု ဦးသန်းဝင်းက ရှင်းပြသည်။

ထို့နောက် အေးသာယာစက်မှုဇုန်အတွင်း လိုက်လံလေ့လာခဲ့ရာ ကြီးမားသည့် စက်ရုံ၊ အလုပ်ရုံကြီးများကို တွေ့မြင်ရသည်။ စက်ရုံ၊ အလုပ်ရုံများအတွင်း ဝန်ထမ်းများ၊ လုပ်ငန်းခွင် ဝင်ရောက် နေကြသူများကို တွေ့ရသည်။ ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်နေကြသည်မှာ အားရစရာပင်....။

အေးသာယာစက်မှုဇုန်၌ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ အဆင်ပြေစေရန်အတွက် ရွှေနေကြာ၊ အေးမြို့တော်၊ မောချယ်ရီ၊ ရွှေညောင်-စက်မှုဇုန်၊ အေးသာယာမြို့သစ်-စက်မှုဇုန် ခရီးလိုင်းအား သုံးဘီးယာဉ်များဖြင့် သွားလာနိုင်အောင် စီစဉ်ပေးထားသည်။

လူမှုဖူလုံရေး

အေးသာယာစက်မှုဇုန်တွင် စိတ်ဝင်စားစရာကောင်းသည်မှာ ဝန်ထမ်းများအတွက် လူမှုဖူလုံရေးဆေးခန်း ထားရှိပေးထားခြင်းဖြစ်သည်။ ဆရာဝန်တစ်ဦး၊ သူနာပြုတစ်ဦးနှင့် အထွေထွေဝန်ထမ်းနှစ်ဦးတို့က စက်မှုဇုန်မှ ဝန်ထမ်းနှင့် အလုပ်သမားများအား နေ့စဉ် အခမဲ့ဆေးဝါးကုသပေးလျက်ရှိသည်။ ဝန်ထမ်းမိသားစုဝင်များအတွက် စရိတ်မျှပေး ကျန်းမာရေးစနစ်ကို ကျင့်သုံးလျက်ရှိသည်။

ပညာရေး

ထို့အတူ ပညာရေးတွင်လည်း မူလတန်းမှ သတ္တမတန်းကျောင်းအထိ ဖွင့်လှစ်ထားသည့် မူလတန်းလွန်ကျောင်း၌ ကျောင်းသား ကျောင်းသူ ၉၀၀ခန့် တက်ရောက်ပညာသင်ကြားလျက်ရှိသည်။ ဆက်လက်ပြီး အလယ်တန်းကျောင်း ရရှိရန်လည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ရာ အနီးဝန်းကျင်ရွာများမှ ကျောင်းသား ကျောင်းသူများ လာရောက်ပညာသင်ကြားနိုင်တော့မည်ဖြစ်သည်။

"အေးသာယာ စက်မှုဇုန်မှာ စက်ရုံအလုပ်ရုံတွေက ထုတ်ကုန်ပစ္စည်းမျိုးစုံကို ထုတ်လုပ်လျက်ရှိပါတယ်။"

ဦးသန်းဝင်း
(အတွင်းရေးမှူး)
အေးသာယာစက်မှုဇုန်ကြီးကြပ်ရေးကော်မတီ။

ထို့အပြင် အေးသာယာ စက်မှုဇုန် ဝန်ထမ်းများ၏ သားသမီးငယ်များအတွက်လည်း မူကြိုကျောင်းကို လာမည့်နှစ်တွင် စတင်ဖွင့်လှစ်နိုင်ရန် ကြိုးစားနေကြပြီဖြစ်သည်။ ထိုသို့ ဝန်ထမ်းများအတွက် အဘက်ဘက်က ထောက်ပံ့ဖြည့်ဆည်းပေးထားသည်ဖြစ်ရာ ဝမ်းသာစရာပင်ဖြစ်သည်။

အေးသာယာ စက်မှုဇုန်တွင် မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း ၂၄ခုရှိသည်။ ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်က မော်တော်ယာဉ် အစီးရေ ၁၇၉ စီး ထုတ်လုပ်နိုင်ခဲ့သည်။ ဆက်လက်ပြီး ၂၀၀၉-၂၀၁၀ ခုနှစ်အတွင်း မော်တော်ယာဉ် အစီးရေ ၂၁၇ စီး ထုတ်လုပ်မည်ဖြစ်ရာ လျာထားချက်ပြည့်မီမည် ဖြစ်သည်။

စက်မှုနိုင်ငံ

အေးသာယာ စက်မှုဇုန်အတွင်း စက်ရုံ၊ အလုပ်ရုံများကို လိုက်လံလေ့လာပြီးနောက် ပြန်လည်ထွက်ခွာခဲ့သည်။ စက်မှုနိုင်ငံ တည်ဆောက်ရေးအတွက် စက်မှုဇုန်များ၊ စက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းလာလျှင် စက်မှုနိုင်ငံ ရောက်ရှိရေးမဝေးတော့သည်မှာ မလွဲဧကန်ပင်ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

အေးသာယာစက်မှုဇုန်ခန်းမနှင့် စက်ရုံအဆောက်အအုံကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)



DVB ၏ မဟုတ်မမှန် လုပ်ကြံသတင်းထုတ်လွှင့်ချက် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းအမှန်ပေးပို့ ချေပျက်

နေပြည်တော် မတ် ၉

မတ် ၅ရက်က DVB အသံလွှင့်ဌာန၏ သတင်းထုတ်လွှင့်ချက်တစ်ခုတွင် လာမည့် နှစ်လအတွင်း မြန်မာနိုင်ငံသို့ လေတိုက်နှုန်း မိုင် (၁၂၀)ခန့် ပြင်းထန်သော မုန်တိုင်းတိုက်ခတ်မည်ဟု ထုတ်လွှင့်သွားခဲ့သည်။

ယင်းသတင်း ထုတ်လွှင့်ချက်နှင့် စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းခဲ့ရာ "အပူလွန်ကဲမှုကြောင့် မိုးကြိုးမုန်တိုင်းငယ်များ ဖြစ်ပေါ်တတ်ပြီး မိုးသီးကြွေခြင်း၊ လေပြင်းတိုက်ခတ်ခြင်း ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ပြည်သူများ သတိပြုနိုင်ရန် လေပြင်းတိုက်ခတ်မည့် သတိပေးချက် တစ်ရပ်ကို မတ် ၁ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း၊ ယင်းထုတ်ပြန်ချက်တွင် မုန်တိုင်း ဟူသော စကားရပ် မပါဝင်သကဲ့သို့ လေတိုက်နှုန်းမိုင်(၁၂၀)ခန့်ဟုလည်း ဖော်ပြခဲ့ခြင်း မရှိကြောင်း၊ ဦးစီးဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းလာသူများအား ဖြေကြားရာတွင်လည်း မိုးကြိုးမုန်တိုင်းအကြောင်းသာ ရှင်းပြခဲ့ပြီး မိုးကြိုးမုန်တိုင်း၏ သဘောသဘာဝများကို ဆောင်နိုင်၊ ရှောင်နိုင်ရန် စနစ်တကျရှင်းလင်း ဖြေကြားပေးခဲ့ကြောင်း၊ မိုးကြိုးမုန်တိုင်းနှင့် မုန်တိုင်းမှာ သဘောသဘာဝချင်း မတူညီကြောင်း၊ နေ့စဉ် မိုးလေဝသသတင်းအမှန်ကို ပြည်သူလူထုထံ ပြန်ကြားပေးနေသော ဦးစီးဌာနမှ ဝန်ထမ်းများအား ခုတုံးလုပ်၍ DVB က ပြည်သူလူထုဟန်ဆောင်ပြီး ဆက်သွယ်မေးမြန်းကာ မဟုတ်မမှန် လုပ်ကြံလီဆယ် ထုတ်လွှင့်သွားခြင်းသာ ဖြစ်ကြောင်း" သိရှိရသည်။

ပြည်သူလူထုအနေဖြင့် နေ့စဉ်ထုတ်သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ အချိန်မီထုတ်ပြန်ပေးနေသော မိုးလေဝသသတင်းအမှန်များကိုသာ ယုံကြည်ကြရန်နှင့် ရန်တိုက်ပေးနေသော၊ သွေးထိုးနေသော၊ ခလောက်ဆန် အကောက်ကြံနေသော လေလိုင်းသံ လူသတ်သမား မီဒီယာများမှ ထုတ်လွှင့်ချက်များအား နားမယောင်မိစေရန် DVB အသံလွှင့်ဌာန၏ လုပ်ကြံထုတ်လွှင့်ချက်နှင့် စပ်လျဉ်း၍ သတင်းအမှန်ကို မေးမြန်းရေးသား တင်ပြလိုက်ရပါသည်။ **(သတင်းစဉ်)**

ကျောက်ဆည်မြို့ ပြည်လုံးနိုင်ရပ်ကွက် ၁၈လမ်းနေ ဦးဟန်-ဒေါ်ချိုမိသားစုက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူရန် အလှူငွေကျပ် ၁၀၀၀၀၀၀၀ကို မတ် ၄ရက်က လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဇော်မင်းနှင့် ဦးစိန်ဝင်းအောင်တို့ လက်ခံစဉ်။ (သတင်းစဉ်)

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် မတ် ၉

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၁၀)တွင် လွှတ်တော်ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ ဥပဒေငါးခုထုတ်ပြန်ချက်အပေါ် နိုင်ငံရေးသမားများ၊ ပြည်သူများ၏အမြင်များနှင့် အပတ်စဉ်ပါနေကျဖြစ်သော Political Times အထူး အချပ်ပိုအပါအဝင် ရန်ကုန်ဆိပ်ကမ်း၊ ပုဂ္ဂလိက အခန်းကဏ္ဍနှင့် ကုန်သွယ်ရေကြောင်း စီးပွားမျက်နှာစာသစ်မျက်နှာဖုံး သုံးသပ်ဆောင်းပါး၊ ခေတ်ဟောင်းသတင်းစာများက ပြောသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဆရာဦးကိုကိုလှိုင်ရေးသားသည့် နိုင်ငံရေးအကြောင်းနှင့်အကျိုး၊ ဆရာဖွဲ့သန်းသျှင်း(သုံးဆယ်)၏ စာရေးဆရာ ဆရာစံ သို့မဟုတ် ကမ္ဘာကသိသော ဆရာစံ စသည့် နိုင်ငံရေးအတွေးအမြင်ဆောင်းပါးများ၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို နှစ်ပေါင်း ၄၀ကျော်ကာလအတွင်း မြန်မာက အိမ်ရှင်အဖြစ်ပထမဆုံး လက်ခံကျင်းပမည်၊ ရန်ကုန်၏ ပထမဆုံးသရီးဒီရုပ်ရှင်ရုံနှစ်ရုံ အောက်တိုဘာတွင်ဖွင့်မည်၊ ဆိုမာလီဓားပြများ ပြန်ပေးဆွဲထားသည့် မြန်မာသင်္ဘောသားများအား နစ်နာမှုမရှိစေရန် ရပ်တည်ကူညီမည်ဟုဆို၊ ဘိလပ်မြေဈေးပြန်ကျပြီ၊ ပုဂ္ဂလိကကျောင်းတွေပေါ်လာတာကောင်းသလား Yangon Forum ကဏ္ဍသစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ အလှအပနှင့် ဘဏ်ရည် ဘဏ်သွေး ၊ ဟာသကားကြီးတွေက ပိုက်ဆံပြန်ရတော့ အရိုက်များလာကြတယ်၊ ဟာသပညာကလဲ ခက်တာပါပဲ၊ မေကဗျာနှင့်လိုတိုဗျူး စသည့်ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ဂေါ်ဒွန်ဘရောင်းသည် အောက်လက်ငယ်သားများအပေါ် ဗိုလ်ကျ ဖိနှိပ်ချုပ်ချယ်သည့် ခေါင်းဆောင်အဖြစ် သမိုင်းစံချိန်တင်၊ နိုင်ငံခြားသားအလုပ်သမားများကို စည်းကြပ်ခွန် တိုးမြှင့်ကောက်ခံမှုဂယက်ကြောင့် လုပ်သားများမထွက်ခွာရေး စင်ကာပူလုပ်ငန်းရှင်များ မျှော်လင့်၊ ကမ္ဘာတွင် ၁၂ခုမြောက်အရှည်ဆုံး မဲခေါင်မြစ်ရေနည်းပါးခြင်းက ထိုင်း-တရုတ်-လာအိုသုံးနိုင်ငံအပေါ်အကျိုးသက်ရောက်နေ၊ ဇနီးနှင့် ရှစ်လအရွယ်သမီးကို လူမဆန်စွာဓားဖြင့်ထိုးသတ်သည့် စိတ်ရောဂါသည်လူသတ်သမား ထွက်ပြေးတိမ်းရှောင်နေ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့ကဒီလိုတဲ့ ဖျော်ဖြေရေး ကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

အလယ်ပိုင်းဒေသများ၌ နေ့အပူချိန်တိုးလာ

နေပြည်တော် မတ် ၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှ အပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှ အပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

မတ်လ ၁၀ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများတွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၉

အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်)၏ (၃၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ဂုဏ်ပြုပွဲကို မတ် ၂၀ ရက် (စနေနေ့)မွန်းလွဲ ၂ နာရီခွဲတွင် ရွှေတိဂုံဘုရားလမ်း ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး သစ်လုပ်ငန်းခန်းမဆောင်ရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်

အသက်(၇၅)နှစ်အထက် ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်များ၊ ၂၀၀၈-၂၀၀၉ တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သူများ၊ မဟာသိပ္ပံ၊ မဟာဝိဇ္ဇာ၊ မဟာဥပဒေ၊ ပါရဂူဘွဲ့ရသူများ၊ နိုင်ငံတော်မှ ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် လက်ခံရရှိထားသော အသင်းသူ အသင်းသားများသည် ဥက္ကဋ္ဌ ဦးမြင့်အောင် ဖုန်း-၀၉-၅၁၅၉၁၄၄၊ရုံးဖုန်း-၂၂၁၆၈၄ ၊ အိမ်-၆၆၆၃၅၂၊ ဦးမြင့်သိန်း (တက္ကသိုလ်မောင်မြင့်သိန်း) ဖုန်း-၅၀၃၈၄၁၊ ဦးမြင့်သိန်း (ထူးကြီး)ဖုန်း-၀၉-၅၁၀၃၂၁၀၊ အိမ်ဖုန်း-၂၉၃၀၅၆၊ ဦးသန်းဝေစိုး ဖုန်း-၂၀၃၂၁၉၊ ဦးထွန်းငွေ ဖုန်း-၇၂၁၄၀၆၊ ဦးခိုင်ဇော်ဝင်း ဖုန်း- ၀၉-၅၁၀၃၀၁၇၊ ဦးအောင်မင်း ဖုန်း- ၂၉၂၄၇၂၊ ဦးအောင်ကျော်ဝင်း ဖုန်း-၀၉- ၅၀၁၇၈၂၂၊ ဦးဇော်လွင် ဖုန်း-၀၉-၅၁၄၄၅၄၉၊ ဦးထွန်းအောင်ကျော် ဖုန်း-၆၀၀၃၄၄၊ ဒေါ်သီတာနွယ် ဖုန်း-၅၆၄၆၁၄၊ ဒေါ်ခိုင်ဇင်ကြည် ဖုန်း- ၂၂၄၄၂၄၊ ဦးမြင့်စိုးဖုန်း-၂၉၂၈၃၅၊ ဒုတိယဗိုလ်မှူးကြီး နေမျိုးဦး ဖုန်း-၀၉-၅၁၉၀၅၃၄၊ ဒေါ်မင်းမင်းထွန်း ဖုန်း-၀၉-၅၄၀၇၈၃၇၊ ဦးဖိုးတောင် ဖုန်း-၅၆၆၃၂၉၊ အတွင်းရေးမှူး ဦးသောင်းတင် ရုံးဖုန်း-၂၁၄၆၄၅၊ အိမ်ဖုန်း-၇၃၀၁၁၂၈၀နှင့် အသင်းရုံး ဖုန်း-၅၁၉၂၇၃ တို့သို့ မတ်၁၈ရက် နောက်ဆုံးထား၍ ဆက်သွယ် သတင်းပေးပို့ကြရန်နှင့် အင်္ဂပူမြို့နယ် အသင်းဝင်များနှင့် နယ်သူနယ်သားများအားမော်တော်ယာဉ်များဖြင့် လမ်းကြောင်းအလိုက် ကြိုဆို ပို့ဆောင်ပေးမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

မီးသုံးစွဲလျှင် သတိယှဉ် အစဉ်သတိ အမြဲရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နမ့်ဆန်ပြည်သူ့ဆေးရုံ ဧည့်ခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

❒ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၏ လိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ နံနက် ၁၀နာရီ မိနစ်၂၀တွင် ကျောက်မဲခရိုင် နမ့်ဆန်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နယ်မြေခံတပ်နယ်မှဗိုလ်မှူးချုပ် စံမြင့်ဦးနှင့် တပ်မတော် အရာရှိကြီးများ၊ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တည်ဆောက်ပြီးစီးသွားပြီး မကြာမီ ဖွင့်လှစ်တော့မည့် နမ့်ဆန်မြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီးသို့ ရောက်ရှိကြပြီး ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ ဆေးရုံသစ်ကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက် ကုသနေသော လူနာများအား တွေ့ဆုံအားပေးကာ စားသောက်ဖွယ်ရာများကို ပေးအပ်ကြသည်။

ဆွေးနွေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံဧည့်ခန်းမ၌ နမ့်ဆန်မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ မြို့နယ်

ဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများကို ဆွေးနွေးမေးမြန်းကာ အမှာစကားပြောကြားရာ၌ မိမိတို့အဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

ရာသီမရွေးသွားလာနိုင်

နမ့်ဆန်မြို့သည် ယခင်က သွားရေးလာရေးခက်ခဲသည့် မြို့တစ်မြို့ဖြစ်ခဲ့ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်မှ နမ့်ဆန်-သီပေါ၊ နမ့်ဆန်-ကျောက်မဲ၊ နမ့်ဆန်-မန်တုံ ကားလမ်းများကို ရာသီမရွေး သွားလာနိုင်အောင် စီစဉ်ပေးခဲ့ကြောင်း။

တစ်ချိန်တည်းမှာပင် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြင့်မားစေရေးအတွက် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံကိုလည်း တည်ဆောက်ပေးခြင်း၊ ပညာရည်မြင့်မားရေး၊ လျှပ်စစ်မီးရရှိရေး၊ တယ်လီဖုန်းဆက်သွယ်မှုကောင်းမွန်ရေးစသည့် အခြေခံလိုအပ်ချက်များကို စီမံဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

ယင်းအခြေခံကောင်းများကို အကျိုးရှိစွာအသုံးချပြီး မိမိတို့ လူမှုစီးပွားဘဝ မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်က တည်ဆောက်ပေးထားသည့် ဖွံ့ဖြိုးမှုအခြေခံကောင်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း။

နမ့်ဆန်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ကျေးလက်များပါ ဖွံ့ဖြိုးတိုးတက်ရန်လို၍ ချမှတ်ထားသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးကို အုပ်ချုပ်ရေး တာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်းဝိုင်းဝန်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ပြည်သူများ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေးအတွက် ကျန်းမာရေးဝန်ထမ်းများသည် ကျေးရွာများအထိ ကွင်းဆင်းပြီး ကျန်းမာရေး အသိပညာပေးခြင်း၊ ရောဂါကာကွယ်ရေး နည်းလမ်းများ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ဆက်စပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မွေးမြူရေးကို တစ်ပိုင်တစ်နိုင် မွေးမြူရေးမှသည် စီးပွားဖြစ် မွေးမြူနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

တိုင်းရင်းသားများ အားလုံးသည် ပြည်ထောင်စုကြီးအတွင်း၌ စုပေါင်းနေထိုင်ကြသည်ဖြစ်၍ ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး မြန်မာသည် မြန်မာဖြစ်သည်၊ မြန်မာသည် မြန်မာယောင်ဆောင်ထားသည့် တိုင်းတစ်ပါးလက်ကိုင်တုတ် မဖြစ်ရ၊ မြန်မာသည် မြန်မာယောင်ဆောင်ထားသည့် တိုင်းတစ်ပါးသူလျှို မဖြစ်ရဟု တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စိုက်ပျိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပံ့ပိုးဆောင်ရွက်ပေးမှု အခြေအနေကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့မိမြို့ဖများအား အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နမ့်ဆန်မြို့နှင့် ဇယန်းကြီးကျေးရွာတို့ ဖွံ့ဖြိုးစည်ပင်နေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နမ့်ဆန်မြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး မွန်းလွဲပိုင်းတွင် ကျောက်မဲခရိုင် မန်တုံမြို့သို့ ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မောင်မောင်ဆန်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

တွေ့ဆုံ

ယင်းနောက် ဝန်ကြီးချုပ်သည် မန်တုံမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေလီခန်းမဆောင်၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နမ္မတူမြို့ရှိ ဝင်းမြင့်မိုရ်စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်၏ အမှတ်(၁)ဧည့်ရိပ်သာ၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က မန်တုံမြို့အပါအဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်ပေးမှု အခြေအနေနှင့် မန်တုံ-နမ္မတူလမ်း၊ မန်တုံ-နမ့်ဆန်လမ်း ရာသီမရွေး သွားလာနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့မိမြို့ဖများအား အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ပေးအပ်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့က မြို့မိမြို့ဖများအား အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မန်တုံမြို့၏ဖွံ့ဖြိုးမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုသည်။

ယင်းနောက် မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများအား တွေ့ဆုံ၍ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန်တုံမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး ကျောက်မဲခရိုင် နမ္မတူမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် နမ္မတူမြို့ရှိ ဝင်းမြင့်မိုရ်စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်၏ အမှတ်(၁) ဧည့်ရိပ်သာ၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံပြီး အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကုန်းမြင့်လယ်ယာ စိုက်ပျိုးခြင်းဖြင့် ဝမ်းစာဖူလုံနိုင်မှု အခြေအနေနှင့် ကုန်းမြင့်လယ်ယာ စိုက်ပျိုးရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြို့မိမြို့ဖများအား အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် နမ္မတူမြို့မှ ထွက်ခွာလာကြရာ ညနေပိုင်းတွင် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

မကြာမီဖွင့်လှစ်တော့မည့် နမ့်ဆန်မြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီးကို တွေ့ရစဉ်။
(သတင်းစဉ်)

အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် မတ် ၉

၂၀၁၀ခုနှစ် မတ်၉ရက် မြန်မာစံတော်ချိန် ၁၉နာရီ ၃၂ မိနစ် ၄၀ စက္ကန့်တွင် မန္တလေး ငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၂၂၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော ငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။ (သတင်းစဉ်)

မြန်မာအလေးမ အားကစား...

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က ၂၀၁၀ခုနှစ်...
အာရှ အားကစားပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက် အ...
ရေးအတွက် ရည်ရွယ်၍ မတ် ၁ရက်မှ စတင်ပြီး ရ...
စတင်စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိသည်။

စခန်းသွင်းအားကစားသမားများကို စံချိန်စံ...
ရှိသည့် ခန္ဓာကိုယ်အချိုးအစားအရ လည်းကောင်...
မျိုးဆက်သစ်အားကစားသမားများ ရရှိရေ...
ဖွင့်လှစ်ပြီး အရည်အသွေးရှိသူများအား ရွေးချယ်...
သည်။

စဉ်...

နိုင်ငံ...
မြို့နယ်န...
ဆိုင်ရာ...
များ၊ ဒေ...
ရာတွင် မ...
တို့သည် ...
ရှိပြီးဖြစ်...
နေထိုင်နိ...
စိုးမိုးရေး...
ဆောင်ရွ...
ဒေသများ...
ဒေသဖွံ့ဖြိ...
နိုင်မည်...

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နမ့်ဆန်မြို့နယ်ရှိ မြို့မိမြို့ဖများအား အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများပေးအပ်စဉ်။ (သတင်းစဉ်)

စဉ်ဆက်မပြတ်ဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ်သည် မန်တုံမြို့နယ်နှင့် နမ္မတူမြို့နယ်တို့၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် မန်တုံမြို့နယ်နှင့် နမ္မတူမြို့နယ်တို့သည် လုံခြုံမှုနှင့် အေးချမ်းတည်ငြိမ်မှုရှိပြီးဖြစ်၍ ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ နယ်မြေဒေသများ အေးချမ်းတည်ငြိမ်မှုရှိမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ချမှတ်ဖော်ဆောင်

နိုင်ငံတော်အစိုးရအနေဖြင့် နယ်မြေဒေသများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်ဒေသများအပါအဝင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် အခြေခံကျသည့် လမ်းပန်းဆက်သွယ်ရေးကို ကွန်ရက်သဖွယ် ဆောင်ရွက်ပေးခဲ့ပြီး တစ်ချိန်တည်းမှာပင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကဏ္ဍတွင် ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးခြင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင် မိမိတို့ဒေသများ၌ပင် အဆင့်မြင့်ပညာ သင်ယူနိုင်ရန် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုတွင် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တစ်ခုစီတို့ကို တည်ဆောက် ဖွင့်လှစ်ပေးခဲ့ကြောင်း။

ကျန်းမာရေး အဆင့်မြင့်မားရေးအတွက်လည်း ဆေးရုံ၊ ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးပြီး အထူးကုဆရာဝန်များကိုပါ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း။

ဦးထမ်းပုံ့ထမ်း

ပြည်ထောင်စုကြီးအတွင်း၌ တိုင်းရင်းသားအားလုံး စုပေါင်းနေထိုင်ကြသည်ဖြစ်၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေး၊ ကျောင်းနေကလေးများ ကျောင်းနေမြဲရေး၊ အတန်းပြီးဆုံးအောင် ပညာသင်ကြားရေးတို့ကို ဆရာ၊ မိဘ ပူးပေါင်းဆောင်ရွက်ရန်၊ အမျိုးသားကျန်းမာရေး ရည်မှန်းချက်နှင့်အညီ ပြည်သူများ အနာရောဂါဘယကင်းရှင်းပြီး ကျန်းမာစွာဖြင့် သက်တမ်းစေ့နေနိုင်ရေးအတွက် ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးရန်၊ တောင်ယာလုပ်ကိုင်သူများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သားစဉ်မြေးဆက် အကျိုးခံစားနိုင်သည့် ကုန်းမြင့်လယ်ယာ ငါးဧကနှင့် လက်ဖက်ငါးဧကကို (၅)နှစ်စီမံကိန်း ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ရေးကို စည်းရုံးဆောင်ရွက်ရန်၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်း၍ အရှိန်အဟုန်မပျက် ဦးထမ်းပုံ့ထမ်း ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြီး အတွင်း၌ တိုင်းရင်းသားအားလုံး စုပေါင်းနေထိုင်ကြသည်ဖြစ်၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ။

နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်း၍ အရှိန်အဟုန်မပျက် ဦးထမ်းပုံ့ထမ်း ကြိုးပမ်းဆောင်ရွက်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ့်ဆန်မြို့ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

ကျောက်မဲခရိုင် နမ္မတူမြို့ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာအလေးမ အားကစားသမားများ စခန်းသွင်း လေ့ကျင့်လျက်ရှိ

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က ၂၀၁၀ခုနှစ် အာရှအားကစားပြိုင်ပွဲ၊ ၂၀၁၁ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများသို့ အဆင့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ရည်ရွယ်၍ မတ် ၁ရက်မှ စတင်ပြီး ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အလေးမလေ့ကျင့်ရေးစခန်း၌ စတင်စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိသည်။

စခန်းသွင်းထားရှိ

စခန်းသွင်းအားကစားသမားများကို စံချိန်စံညွှန်းအရ လည်းကောင်း၊ အလေးမအားကစားနှင့် လိုက်လျောညီထွေရှိသည့် ခန္ဓာကိုယ်အချိုးအစားအရ လည်းကောင်း အုပ်စု သုံးစုခွဲ၍ အင်အား ၃၀ဖြင့် စခန်းသွင်းထားရှိသည်။

မျိုးဆက်သစ်အားကစားသမားများ ရရှိရေးအတွက်လည်း ဒေသဆိုင်ရာ အလေးမလေ့ကျင့်ရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ပြီး အရည်အသွေးရှိသူများအား ရွေးချယ်၍ စခန်းသွင်းအင်အားကို ဖြည့်တင်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၃-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**အရိပ်မဲ့လား အရိပ်နဲ့လား** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၆:၅၅	နိဗ္ဗာန်သို့ရည်မျှော် ပန်းစေတီနဲ့ပူဇော်
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၅)
၈:၃၀	Sports World (US Figure Skating) (Part-1)
၈:၅၅	မွန်မြတ်လှတဲ့ အလှူ့ဝါးချက် ဇီဝိတဒါနတွင် ကုသိုလ်ယူ
၉:၃၀	အားကစားမြင်ကွင်းစုံ
၁၀:၀၅	Activities in the City အမက(၁၀)မှုလွှန် ပညာရည်ချွန်ဆုပေးပွဲ အောင်ဆန်းသူရိယလုသောင်းကျောင်း အထက(၂)မင်္ဂလာဒုံ၏ အာစရိယပူဇော်ပွဲ
၁၀:၄၀	Milestones of Contemporary Music Selection
၁၁:၀၅	Industrial Talk
၁၁:၄၅	ဓာတ်ပုံထဲမှအမှတ်တရများ အဆိုတော်သံသာဝင်း၏ ဓာတ်ပုံထဲမှ အမှတ်တရများ (အပိုင်း-၂)
၁၂:၂၀	သပြေကုန်း၏ ပီတိလွှမ်းသော နေ့တစ်နေ့
၁၂:၃၀	သံလွင်ခေါ်ဆောင်ရာ အိပ်မက်ကျွန်းဆီသို့
၁:၀၀	**အရိပ်မဲ့လား အရိပ်နဲ့လား** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၂:၀၀	MRTV-4 သတင်း
၂:၄၅	စကားနပန်း (စကားများများပြောတာ ကောင်းတယ်၊ စကားများများ မပြောတာ ကောင်းတယ်)
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၅)
၄:၁၀	မြန်လည်တမ်းတ သူ့ဘဝအနုပညာ အလှ (ပန်းချီကဏ္ဍ)
၄:၄၀	မအီချောင်းတံတား
၄:၄၅	**အထင်** ထွန်းထွန်းဝင်း၊ ခင်သီတာထွန်း၊ ဆုထက်ကုမ္မွေ၊ ချစ်ပု (ဒါရိုက်တာ-မီးပွား)
၅:၁၀	သပြေကုန်း၏ပီတိလွှမ်းသော နေ့တစ်နေ့
၅:၂၅	မွန်မြတ်လှတဲ့အလှူ့ဝါးချက် ဇီဝိတဒါနတွင်ကုသိုလ်ယူ
၅:၅၀	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (May Flower Floral & Candle Light)
၆:၀၀	MRTV-4 သတင်း
၆:၂၀	Milestones of Contemporary Music Selection
၆:၄၅	ဗီဒီယိုပြခန်း
၇:၀၅	ဓာတ်ပုံထဲမှအမှတ်တရများ အဆိုတော်သံသာဝင်း၏ဓာတ်ပုံ ထဲမှအမှတ်တရများ(အပိုင်း-၂)
၇:၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း (စကားများများပြောတာ ကောင်းတယ်၊ စကားများများ မပြောတာ ကောင်းတယ်)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၅)
၁၀:၀၀	**အထင်** ထွန်းထွန်းဝင်း၊ ခင်သီတာထွန်း၊ ဆုထက်ကုမ္မွေ၊ ချစ်ပု (ဒါရိုက်တာ-မီးပွား)
၁၀:၂၀	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (May Flower Floral & Candle Light)
၁၀:၃၅	ဗီဒီယိုပြခန်း
၁၀:၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၁၀	Industrial Talk
၁၁:၄၀	ဖွံ့ဖြိုးဝေဆာ သပြေတန်းရှာ ခြွေလှေ့စက် လက်မှုပညာ
၁၁:၄၅	**ရေမြင့်… ကြာတင့်** ခန့်စည်သူ၊ ဇေရာ၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဌမ်းပုံ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၂:၀၀	ရတနာရွှေသိုက်
၁၂:၁၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပွင့်သောပန်းတိုင်း လန်းဆန်းမွှေးကြိုင် ရနံ့လှိုင်စေချင်

ခိုင်သစ္စာ (စိတ်ပညာ)

“ပန်းကလေးများ ပွင့်တော့မည်
ဖူးတံဝင့်လို့ချီ၊
နေခြည်မှာ ရွှေရည်လောင်း၊
ငါတို့စာသင်ကျောင်း”

ဤကဗျာလေးသည် ကျောင်းနေစ သူငယ်တန်း ကျောင်းသူ ကျောင်းသားလေးများ၊ ဆရာ ဆရာမများသာမက ကျောင်းသူ ကျောင်းသား မိခင်များ၏ ပါးစပ်ဖျားတွင်ပါ တက်ကြွရွှင်လန်းစွာ ရွတ်ဆိုနေမိသော ကဗျာလေးဖြစ်ပေသည်။ ကဗျာလေးကလည်း မင်္ဂလာရှိလှပါသည်။

ပညာရည်နို့သောက်စို့ဖို့ စာသင်ကျောင်းသို့ ရောက်လာသော ကလေးငယ်များသည် ပန်းကလေးများပမာဖြစ်ပါသည်။ ဥယျာဉ်မှူးအသွင် ဆရာ ဆရာမများရှိသော ပန်းဥယျာဉ်ကြီးအလား စာသင်သားများကို လက်ခံသင်ကြားပေးနေသော အစိုးရစာသင်ကျောင်းများကလည်း တင့်တယ်ဝင့်ထည်လို့ ရှိကြပါသည်။

ဖူးငုံလေးများပမာ မူလတန်း ကျောင်းသူ ကျောင်းသားလေးများသည် ကျောင်းတက်ရက် တစ်ရက်ပြီးတစ်ရက်၊ တစ်လပြီးတစ်လမှသည် တစ်နှစ်ပြီးတစ်နှစ် ပညာရည်နို့ သောက်စို့လာကြရာ ဆယ်နှစ်တာကာလ လွန်မြောက်လို့လာကာ တက္ကသိုလ်ဝင်တန်းသို့ပင် ရောက်ရှိလာခဲ့ပေပြီ။

၂၀၁၀ ခုနှစ် မတ်လ ၁၀ရက်နေ့မှစ၍ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီး ဖြေဆိုကြရပေတော့မည်။ တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီးသည် ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် အသက်တမျှ အရေးကြီးလှပါသည်။ ဤစာမေးပွဲကြီးက ကျောင်းသူ ကျောင်းသားတို့၏ ရည်မှန်းချက် ဘဝအိပ်မက်တို့ကို အမှန်တကယ် ရရှိနိုင်ခြင်း ရှိ မရှိ၊ ဘဝရဲ့ တိုးတက်ရာ တိုးတက်ကြောင်း တစ်နည်းဆိုရသော် ဘဝအကွေ့အပြောင်း လမ်းကြောင်းအမျိုးမျိုးကို အဆုံးအဖြတ်ပေးမည့် စာမေးပွဲကြီးပင် ဖြစ်ပါသည်။

ထို့ကြောင့်ပင် သူငယ်တန်းမှစတင်၍ ဆယ်နှစ်ဆယ်မိုး ကျောင်းနေပျော်၍ စာတော်အောင် ပညာရည်နို့သောက်စို့ ကြိုးစားခဲ့ကြသော ကျောင်းသူ ကျောင်းသားများမှာ တက္ကသိုလ်ဝင်တန်းနှစ်တွင် အစွမ်းကုန် ကြိုးစားကြပေသည်။ ဆရာ ဆရာမများကလည်း ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ၊ အားသွန်ခွန်စိုက် သင်ကြားပြသပေးခဲ့ကြပေသည်။ မိဘများကလည်း မိမိတို့သားသမီးများ ဂုဏ်ထူးများများနှင့် ထူးချွန်စွာအောင်မြင်ရေးအတွက် မိမိတို့ကိုယ်တိုင် ဖြေဆိုတော့မည့်အလား သားသမီးများ စာသင်ကြားကျက်မှတ်ရာမှာ အဘက်ဘက်မှ ပံ့ပိုးမှုများ ပေးခဲ့ကြပါသည်။

ယနေ့ခေတ်သည်ကား “ပညာခေတ်” ဟုဆိုသည့်အတိုင်း စာမေးပွဲအောင်ရုံမျှဖြင့် မတင်းတိမ် မလုံလောက်နိုင်ပါ။ ဂုဏ်ထူးများများရဖို့၊ ဘာသာစုံ ဂုဏ်ထူးရဖို့၊ ဖြစ်နိုင်လျှင် Top Ten ရဖို့ပါ ရည်မှန်းကြပေသည်။ Top Ten ဆိုသည်ကား တစ်နိုင်ငံလုံးမှ ဆယ်ယောက်မို့ ဖြစ်နိုင်ခြေ၊ ရနိုင်ခြေ အလွန်နည်းသည်မို့ Top Ten မရလျှင် ရှိစေတော့၊ ဂုဏ်ထူးများများရဖို့တော့ လိုပေသည်။ ဂုဏ်ထူးများများရလို့ အမှတ်ပေါင်းများပါမှ မိမိရည်မှန်းထားသော တက္ကသိုလ်သို့ တက်ရောက်ခွင့်ရမည် ဖြစ်ပေသည်။ အခြားအတန်းစဉ်များတွင် ပထမ၊ ဒုတိယစသည့် အဆင့်များ မည်မျှပင်ရခဲ့စေကာမူ ယခုတက္ကသိုလ်ဝင်တန်း စာမေးပွဲကြီးမှာ ဂုဏ်ထူးမပါ သို့တည်းမဟုတ် ဂုဏ်ထူးနည်းကာ အမှတ်ပေါင်းနည်းသွားလျှင်ဖြင့် မိမိရည်မှန်းထားသော၊ မိမိတက်ရောက်လိုသော တက္ကသိုလ်သို့ တက်ရောက်ခွင့်ရနိုင်မည် မဟုတ်ချေ။ ထိုအခါ မနိုင်လို့ သည်းခံရခြင်းဆိုသကဲ့သို့ “အားမတန် မာန်လျှော့” ကာ ဝမ်းနည်းမှုနှင့်သာ ကြုံရမည်ဖြစ်ပါသည်။ ထို့ကြောင့်ပင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများသည် ပြင်းပြသော ဆန္ဒရှိသူသည် မလျှော့သော ဖွဲ့ လုံ့လ ဝီရိယရှိလျှင် အောင်မြင်ရမည်ဆိုသည့် စကားအတိုင်း မလျှော့သော ဖွဲ့ လုံ့လ ဝီရိယတို့ဖြင့် ကြိုးစားပါက အောင်မြင်ရမည်သာ ဖြစ်ပါသည်။

ယခုအချိန်သည် တက္ကသိုလ်ဝင်စာမေးပွဲကြီး ဖြေဆိုရန် အလွန်နီးကပ်နေပြီဖြစ်သည့်အလျောက် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများသည် တစ်နှစ်ပတ်လုံးသင်ကြားခဲ့သော စာများကို ဖွဲ့ လုံ့လ ဝီရိယဖြင့် ဉာဏ်စွမ်းရှိသမျှ ကျက်မှတ်ခဲ့ကြပြီးဖြစ်ပေလိမ့်မည်။ ပြန်လည်ကျက်မှတ် လေ့ကျင့်ခြင်း Revision လည်း အပြန်ပြန်အလှန်လှန် ကျက်မှတ်ပြီး၍ သင်ခန်းစာများကို ကျေညက်စွာရနေကြပြီး ဖြေဆိုရန် အသင့်ဖြစ်နေကြပေမည်။ မည်သို့ပင် အသင့်ဖြစ်စေကာမူ ဤမျှလောက် ဘဝအတွက် အရေးအကြီးဆုံးသော စာမေးပွဲကြီးကို ဖြေဆိုရန်မှာ စိတ်လှုပ်ရှားမှု၊ စိုးရိမ်မှုများတော့ ရှိကြမည်သာ။

ယခုအချိန်တွင် အဓိက အလေးထားစေလိုသည်မှာ “ကျန်းမာရေး” ပင်ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုခါနီးမှ အပြင်းဖျားခြင်း၊ တုပ်ကွေးဖြစ်ခြင်း၊ ဝမ်းလျှောခြင်း၊ အူအတက်ရောင်ခြင်း၊ မျက်စိနာခြင်း စသည်ဖြင့် ကျန်းမာရေးချို့ယွင်းပါက တစ်နှစ်ပတ်လုံး မည်မျှပင် ကြိုးစားခဲ့စေကာမူ စိတ်မရွှင်လန်းဘဲ ဉာဏ်စွမ်းရှိသမျှ ဖြေဆိုနိုင်ကြမည်မဟုတ်ပေ။ ပန်းဝင်ခါနီးမှ ခြေခေါက်လဲသူကဲ့သို့ ပန်းတိုင်မရောက်ဖြစ်တတ်ပေသည်။ ကျန်းမာရေးကောင်းမွန်သူသာလျှင် ကိုယ်စိတ်နှစ်ပါး လန်းဆန်းတက်ကြွကာ ဉာဏ်ပညာ သွက်လက်ထက်မြက်စွာ မမေ့မလျော့၊ မမေ့မကျန် မှန်ကန်စွာဖြင့် အမှတ်ပြည့်ရအောင် ဖြေဆိုနိုင်ပေမည်။ စာမေးပွဲဖြေဆိုချိန်တွင် မကျန်းမမာဖြစ်သူများ နှစ်စဉ်နှစ်တိုင်းလိုလိုရှိနေကြ၍ နှစ်စဉ်နှစ်တိုင်း မကျန်းမာသော ကျောင်းသူ ကျောင်းသားများအတွက် “ဆေးရုံစာစစ်ဌာနများ” ထားရှိပေးရခြင်း ဖြစ်ပေသည်။ မည်သို့ပင်ဆိုစေ ကျန်းမာရွှင်လန်းစွာဖြင့် စာမေးပွဲဖြေဆိုနိုင်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပေသည်။

ထို့ကြောင့် ကျန်းမာရေးအတွက် ဆောင်သင့်၊ ရှောင်သင့်သည်များကိုလည်း စာရေးသူအနေဖြင့် သိရှိသမျှ သတိပေးချင်ပါသည်။

၁။ တစ်ကိုယ်ရေသန့်ရှင်းရေး အလေးထားပါ။
၂။ အလွန်အိပ်ရေးပျက်ခံခြင်း (ညလုံးပေါက်စာကျက်ခြင်း) ကိုရှောင်ပါ။
၃။ ဝမ်းနူးစာများ၊ လက်လုပ်ချဉ်များ၊ အပြင်စာများ စားခြင်းမှ ရှောင်ပါ။ အာဟာရဖြစ်စေသော အစားအစာ ပူပူနွေးနွေးကိုသာ မိဘများက စီစဉ်ကျွေးမွေးပါ။
၄။ သောက်နေကျမဟုတ်သော အားဆေးများကို မတိုက်ကျွေးသင့်ပါ။ (စာရေးသူ၏ မိတ်ဆွေတစ်ဦးသည် သမီးဖြစ်သူအား ကောင်းစေချင်သော စေတနာလွန်ကဲ၍ အခြားသူကညွှန်းသော အားဆေးတစ်မျိုးကို တိုက်ကျွေးရာ သမီးဖြစ်သူမှာ အိပ်ငိုက်မျဉ်းလွန်း၍ စာကျက်ပျက်ရပါသည်။)
၅။ အချိန်လွန်မှ ရေချိုးခြင်းကို ရှောင်ပါ။

အဓိကကျသော ကျန်းမာရေးကို ဂရုစိုက်ပြီးပါက စာမေးပွဲဖြေဆိုရမည့် နေ့ရက်နှင့် ဖြေဆိုရမည့် ဘာသာရပ် မှားမကျက်မိစေရန်၊ မမှားရန် သတိထားစေချင်ပါသည်။ (ဖြစ်ခဲပါသည်။ သို့သော် ဖြစ်ဖူးသော ကျောင်းသားများ တွေ့ဖူးပါသည်။)

စာမေးပွဲဖြေဆိုရာတွင် လိုအပ်သည့်ဘောပင် (အပိုအရန်ပါ ဆောင်ပါ)၊ ပေတံစသည်ဖြင့် လိုအပ်သည်များကို ပြည့်စုံစွာ ပြင်ဆင်ယူဆောင်ပါ။ အရေးကြီးသော စာမေးပွဲဖြေဆိုခွင့်ကတ် မမေ့ပါနှင့်။

စာမေးပွဲဖြေဆိုရမည့် စာဖြေဌာနသို့ သွားရာတွင် လမ်းခရီး အနီးအဝေးကို ချင့်ချိန်၍ ကြုံတွေ့တတ်သော ကြန့်ကြာမှုအခက်အခဲကိုပါ တွက်ဆကာ အချိန်မီရောက်ရန် ကြိုးစားပါ။ စာမေးပွဲခန်းအဝင်နောက်ကျပါက စိတ်သောကရောက်၍ စာဖြေရာတွင် အနှောင့်အယှက် ဖြစ်စေပါသည်။

စာမေးပွဲခန်းအတွင်း ရောက်ရှိသောအခါ လိုက်နာရမည့် စည်းကမ်းများ၊ လုပ်ဆောင်ရမည့်အချက်များ၊ ဖြေဆိုပုံ ဖြေဆိုနည်းများကို ကျောင်းသူ ကျောင်းသားများ၏ ဆရာ ဆရာမများက သေချာစွာသင်ထားပေးပြီးဖြစ်၍ စာရေးသူအနေဖြင့် အထူးမှာရန် မရှိပါပေ။

စာရေးသူမှာလိုသည်မှာကား လူသားအားလုံး မည်သူမဆို အောင်မြင်မှုရလိုပါလျှင် “ကံ၊ ဉာဏ်၊ ဝီရိယ” လိုအပ်လှပါသည်။ ကျောင်းသူ ကျောင်းသားများအနေဖြင့် ဉာဏ်လည်းရှိကြပါသည်။ ဝီရိယရှိစွာဖြင့်လည်း ကြိုးစားကျက်မှတ်ခဲ့ကြပြီးလေပြီ။ ကံ ကိုတော့ဖြင့် မမြင်သာပါ။ ကံ မည်မျှရှိမည်နည်း။ မမြင်နိုင်သောကံကို မိမိတတ်နိုင်သမျှ **“ကံမြင့်အောင် ကံမြှင့်ပေးနိုင်ပါသည်။”** စာရေးသူသားသမီးများ စာမေးပွဲဖြေသည့်အခါ ဘုရားရှိခိုးပူဇော်နေကျ သစ္စာပြုဂါထာလေးကို ဓမ္မဒါနအဖြစ် ဖော်ပြပေးလိုက်ပါသည်။ လက်တွေ့အောင်မြင်သော သစ္စာပြုဂါထာဖြစ်ပါသည်။

ဘုရားစင်ရှေ့တွင် အနန္တောအနန္တငါးပါးကို ရိုသေစွာ ရှိခိုးကန်တော့ပါ။ ပြီးလျှင် ဖော်ပြပါဂါထာကို ရွတ်ဆိုပူဇော်ပါလေ။

ဉာဏ်ပညာထွန်းတောက် ပညာရေးထိပ်တန်းရောက်ဂါထာ

“ဗုဒ္ဓါနံ၊ သဗ္ဗညုတ၊ ဉာဏာသ၊
န သက္ကာ၊ ကေနစိ၊ အန္တရာယော ကာတုံ၊
တဒေဝ၊ ဝစနံ သစ္စံဝန္နေတံ၊ လောကနာယကံ၊
ဧတေန၊ သစ္စေန၊ ပုညေန၊
ဟောတုမေ၊ ဇယမင်္ဂလံ။”

အနက်အဓိပ္ပာယ်မှာ -

“ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သဗ္ဗညုတ ဉာဏာသ၊ သဗ္ဗညုတဉာဏ်တော်ကို။ ကေနစိ၊ တစ်စုံတစ်ယောက်သောသူမျှ။ အန္တရာယော ကာတုံ၊ အန္တရာယ်ပြုခြင်းငှာ။ န သက္ကာ၊ မစွမ်းနိုင်။ တဒေဝ ဝစနံ၊ ထိုစကားသည် သစ္စာ၊ မှန်ပါပေ၏။ တံ လောကနာယကံ၊ ထိုဘုရားရှင်ကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဧတေန သစ္စေန၊ ထိုသို့ဆိုငြား မှန်ကန်သော သစ္စာစကားကြောင့်လည်းကောင်း။ တေန ပုညေန၊ ရှိခိုးကော်ရော် ဤကောင်းမှုတော်ကြောင့်လည်းကောင်း။ မေ၊ တပည့်တော်အား။ ဇယ မင်္ဂလံ၊ ကောင်းမြတ်ယှဉ်ရာ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသား၊ ဉာဏ်ပညာထွန်းတောက်၊ ပညာရေးထိပ်တန်းသို့ရောက်ရပါစေသား အရှင်ဘုရား။” ဟု ရွတ်ဆိုပူဇော်ကန်တော့ပါလေ။

ရွှေရည်လွှမ်းသည့် နေရောင်ခြည်အောက်မှာ သီတာရေပက်ဖျန်းလို့ ဖူးငုံလေးများ ပွင့်လန်းမွှေးကြိုင် ရနံ့လှိုင်သကဲ့သို့ ပညာရည်နို့သောက်စို့ကာ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသား အပေါင်းတို့သည် ကျန်းမာရွှင်လန်းစွာဖြင့် ဉာဏ်ပညာသွက်လက်ထက်မြက်စွာ စာမေးပွဲကြီးကို ကောင်းစွာဖြေဆိုနိုင်ပြီး ဘာသာစုံဂုဏ်ထူးများဖြင့် အောင်မြင်မှုသရဖူ ဆောင်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသတည်း။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၀-၃-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၆။ အတီးပြိုင်ပွဲ
- ၈:၀၅ ၇။ **တက္ကစီမီတာသင်လိုရာ**
- ၈:၁၅ ၈။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၂၅ ၉။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ သီချင်းကြီးပဒေသာ
- ၄:၃၀ ၄။ အတီးပြိုင်ပွဲ
- ၄:၄၀ ၅။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
- ၄:၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(အင်္ဂလိပ်စာ အထူးပြု) (အင်္ဂလိပ်စာ)
- ၅:၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၅ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၂၅ ၉။ **ဇီဝိတဒါနသွေးလှူကြစို့** ငှက်ပျောကြော်၊ ချစ်သုဝေ၊ မိုးယုစံ၊ မီးမီးသုခ၊ (ဒါရိုက်တာ-ကိုရွှေမိုးသက်)
- ၅:၃၅ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၄၅ ၁၁။ (၆၅)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆:၄၀ ၁၅။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇:၁၀ ၁၆။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၇:၄၀ ၁၇။ အလင်္ကာဝတ်ရည် မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၂၇)
- ၂၂။ မြန်မာရုပ်ရှင် **နှောင်းတမြေ့မြေ့** ရန်အောင်၊ စိုးသူ၊ ထွန်းအိန္ဒြာဗို (ဒါရိုက်တာ-သက်မောင်မောင်)
- ၂၃။ အစီအစဉ်ပြီး၏။

ဖျာပုံခရိုင် ဖျာပုံမြို့နယ် အကျဉ်းဦးစီးဌာနတွင် မတ် ၃ရက်က ဝန်ထမ်းမိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို ခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းနိုင်နှင့် အကျဉ်းဦးစီးဌာန တာဝန်ခံအရာရှိ ဦးသောင်းမြင့်ကျော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၅၅)

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း အခြေခံ ပန်းအလှပြုပြင်မှုသင်တန်း ဖွင့်မည်

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ အခြေခံ ပန်းအလှပြုပြင်မှု သင်တန်း (၁/၂၀၁၀)ကို မတ် ၂၂ရက်မှ ၂၉ရက်အထိ နေ့စဉ် မွန်းလွဲ ၁နာရီမှ ၃ နာရီအတွင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံးခန်းမဆောင်၌ ဖွင့်လှစ်ရန်စီစဉ်ထားသည်။

ဆက်သွယ်နိုင်

သင်တန်းကြေးအဖြစ် ငွေကျပ် တစ်သောင်းဖြင့် သင်တန်းသား သင်တန်းသူ ၃၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် အသင်းရုံး ဖုန်း-၃၇၉၃၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (၁၇၃)

မိဘများအားရည်စူး၍ ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့နေ ဦးအောင်ကျော်ငြိမ်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မငွေပဒေသာပင် အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့်လက်ခံစဉ်။ (သတင်းစဉ်)

၂၀၀၉-၂၀၁၀ခုနှစ်အတွင်း
ဘိန်းခင်း ၁၃၇၄၂ ဒသမ ၃၉ ဧက ဖျက်ဆီးနိုင်ခဲ့

နေပြည်တော် မတ် ၉

၂၀၀၉-၂၀၁၀ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၇ရက်အထိ ပြည်နယ်/တိုင်းအလိုက် ဘိန်းခင်း ၁၃၃၉၀ ဒသမ ၀၉ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်သည်။

ဖျက်ဆီး

ဖေဖော်ဝါရီ ၂၈ရက်မှ မတ် ၆ရက် အတွင်း ပြည်နယ်/တိုင်းများမှ ဘိန်းခင်း ၃၅၂ ဒသမ ၃ ဧက ထပ်မံ ဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း ဘိန်းခင်း ဖျက်ဆီးနိုင်မှုမှာ ၁၃၇၄၂ ဒသမ ၃၉ဧကရှိသွားပြီဖြစ်ကြောင်း၊ ထပ်မံဖျက်ဆီးနိုင်ခဲ့သည့် ၃၅၂ ဒသမ ၃ ဧကအနက် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်း၊ ကွတ်ခိုင်နှင့် နမ့်ခမ်းမြို့နယ်အတွင်း ၃၅ဧက၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံ၊ ဆီဆိုင်နှင့် ပင်လောင်းမြို့နယ်အတွင်း ၂၅၃ ဒသမ ၇၅ ဧက၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်၊ မိုင်းတုံ၊ မိုင်းပျဉ်းနှင့် မိုင်းဆတ်မြို့နယ်အတွင်း ၆၃ ဒသမ ၅၅ ဧက ဖျက်ဆီးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အားကစားသတင်း အတိုအထွာ

ပါလာမိုမှ ဟာနန်ဒက်ဇ်အား အာဆင်နယ်ခေါ်ယူဖွယ်

အာဆင်နယ်အသင်းသည် ယခုနွေရာသီတွင် အီတလီအသင်းပါလာမိုမှ ဥရုဂွေး တိုက်စစ်မှူး အာဘယ်လ်ဟာနန်ဒက်ဇ်အား စာချုပ်ခေါ်ယူဖွယ်ရှိကြောင်း အိုင်အမ် စကောက်တီး၌ ဖော်ပြသည်။

ဝေလဂေါက်သီးသမားဒါဗီ မလေးရှားအိုးပင်းမှ ထွက်ရဖွယ်

အသက် ၂၄ နှစ်ရှိ ဝေလဂေါက်သီး အကျော်အမော် ရိုင်ဒါဗီသည် မလေးရှား အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် လျှော့ရိုက်ချက် ၁၄ချက်ရိုက်ထားသော တောင်ကိုရီး ယား ဂေါက်သီးကစားသမား နိုဆွန်ပူးလ်ထက် လျှော့ရိုက်ချက် နှစ်ချက်လျော့နည်း ကာ နောက်ကျကျန်နေခဲ့ပြီး ပြိုင်ပွဲမှထွက်ရဖွယ်ရှိကြောင်း အင်တာနက်၌ဖော်ပြသည်။

ကာဒစ်မှ မက်သရူးအား ခေါ်ယူရန် ဗီလာဆက်သွယ်

အက်စတွန်ဗီလာအသင်းသည် ကာဒစ်စီးတီးအသင်းမှ အသက် ၁၈နှစ်အရွယ်ရှိ ခံစစ်မှူး အဒမ်မက်သရူးကို ခေါ်ယူစာချုပ်ရန် နောက်ဆုံးဆက်သွယ်ခဲ့သည့်အသင်း ဖြစ်ကြောင်း၊ ၎င်းအား မန်ယူ၊ စပါးနှင့် အာဆင်နယ်တို့က ခေါ်ယူရန်စိတ်ဝင်စား နေကြကြောင်း ဒေးလီးမေးလ်၌ဖော်ပြသည်။

ပစ်ကွီယွန်နီအား စာချုပ်ရေး ဘာမင်ဂမ် စိတ်အားထက်သန်

ဘာမင်ဂမ်အသင်းသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလက ခေါ်ယူရေးမအောင် မြင်ခဲ့သော ပို့စ်မောက်မှ ပြင်သစ်တိုက်စစ်မှူး ဖရက်ဒရစ်ပစ်ကွီယွန်နီအား စာချုပ် ခေါ်ယူရေး စိတ်အားထက်သန်နေကြောင်း ဒေးလီးမေရာ၌ဖော်ပြသည်။

ဂျာမီအိုဟာရာအား ခေါ်ယူရန် ဆန်းဒါးလန်းကြိုးပမ်း

ဆန်းဒါးလန်းအသင်းသည် ပို့စ်မောက်တွင် အငှားစာချုပ်ဖြင့် သွားကစား နေသော အသက် ၂၃နှစ်ရှိ စပါးကွင်းလယ်ကစားသမား ဂျာမီအိုဟာရာအား ယခုနွေရာသီ၌ စာချုပ်ခေါ်ယူနိုင်ရန် ကြိုးပမ်းနေကြောင်း သည်တိုင်းမ်၌ ဖော်ပြ သည်။

ပက်ဗလူချင်ကိုအား ခေါ်ယူရေး လိုကိုမိုးတစ် ကြိုးပမ်းမည်

ရုရှားအသင်း လိုကိုမိုးတစ်မော်စကိုသည် ယခုရာသီပိတ်ချိန်တွင် စပါး တိုက်စစ်မှူး ပက်ဗလူချင်ကိုအား စာချုပ်ခေါ်ယူရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ဒိုနိုဗန်၏ အငှားစာချုပ် အဲဗာတန် သက်တမ်းတိုးလို

အဲဗာတန်အသင်းသည် ၎င်းတို့နှင့် အငှားစာချုပ်သက်တမ်းကုန်ဆုံးတော့မည့် လော့စ်အိန်ဂျလိစ်ဂလက်ဆီအသင်းမှ အမေရိကန်တိုက်စစ်မှူး လန်ဒန်ဒိုနိုဗန်အား စာချုပ်သက်တမ်းတိုးလိုကြောင်း သည်တိုင်းမ်၌ ဖော်ပြသည်။

စတော့ချ်အား အေဂျက်စ်နှင့် ပီအက်စ်ဗွီတို့ ပစ်မှတ်ထား

အသက် ၂၀ ရှိ ချယ်လ်ဆီးကွင်းလယ်ကစားသမား မီရိုဆလက်ဗ်စတော့ချ်အား စာချုပ်ခေါ်ယူရန် နယ်သာလန်ထိပ်သီးအသင်းများဖြစ်ကြသည့် အေဂျက်စ်နှင့် ပီအက်စ်ဗွီတို့က ပစ်မှတ်ထားနေကြကြောင်း၊ ၎င်းသည် လောလောဆယ် စတိဗ်မက်ကလာရင်၏ အက်ဖ်စီတွမ်တီအသင်းတွင် အငှားစာချုပ်ဖြင့် သွားရောက် ကစားနေပြီး ယခုရာသီ ၃၆ ပွဲကစားရာ၌ ၁၀ဂိုး သွင်းယူထားကြောင်း အိုင်အမ် စကောက်တီး၌ ဖော်ပြသည်။

ဗြိတိသျှပြေးခုန်ပစ်ကစားသမားများ ပြည်ပ၌ လေ့ကျင့်မည်

၂၀၁၂ ခုနှစ် ဗြိတိန်အိုလံပစ်မတိုင်မီ ဗြိတိသျှပြေးခုန်ပစ်ကစားသမားများ အနေဖြင့် ပြည်ပတွင် သွားရောက်လေ့ကျင့်ပြင်ဆင်ကြမည်ဟု ဗြိတိသျှပြေးခုန် ပစ်နည်းပြချုပ် ချားလ်စ်ဗန်ကွန်မင်နီက ထုတ်ဖော်ပြောကြားခဲ့ကြောင်း အင်တာနက်၌ ဖော်ပြသည်။

စိန့်အင်ဒရူးစ်အိုးပင်းပြိုင်ပွဲ၌ ဘယ်လက်စတာရိုစ့် ဆင်နွှဲမည်

ဦးနှောက်အကျိတ်ခွဲစိတ်ကုသခဲ့ရသော အသက် ၅၂ နှစ်အရွယ်ရှိ စပိန် ဂေါက်သီးကစားသမား ဆီဗီဘယ်လက်စတာရို့စ်သည် စကော့တလန်နိုင်ငံ စိန့်အင်ဒရူးစ်၌ လာမည့်ဇူလိုင်လ၌ ကျင်းပမည့် အကြိမ်(၁၅၀)မြောက် စိန့်အင် ဒရူးစ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အင်တာနက်၌ ဖော်ပြသည်။

ဟွန်ဒါကလပ်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ဗီလီဂက်စ်ဦးဆောင်နေ

ကိုလံဘီယာဂေါက်သီးအကျော်အမော် ကာမီလိုဗီလီဂက်စ်သည် အမေရိကန် နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပသော ဟွန်ဒါကလပ်စစ် ဂေါက်သီးရိုက် ပြိုင်ပွဲ၌ သတ်မှတ်ရိုက်ချက်အောက် ၁၃ ချက်လျှော့ရိုက်ပြီး ထိပ်ဆုံးမှ ဦးဆောင် နေကာ ကမ္ဘာ့အဆင့်၁၂သို့ ရောက်ရှိခဲ့ကြောင်း အင်တာနက်၌ ဖော်ပြသည်။

ချစ်စိုးနိုင်-စုစည်းသည်

မန်ယူ၊ ဖာဂူဆန်နှင့် ဘက်ခမ်းတို့သည် ....

မောင်မောင်မြင့်ဆွေ-စုစည်းရေးသား၍ လှိုင်လှိုင်သင်း (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

မီလန် မတ် ၉

“မိမိရဲ့လက်ရှိအချိန်မှာ အပြင်းပြဆုံးဆန္ဒကတော့ မန်ယူမှာပြန်ကစားလိုတဲ့ ဆန္ဒပါပဲ”ဟု မန်ယူကွင်းလယ်ကစားသမားဟောင်းနှင့် အေစီမီလန်ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းက ပြောကြားလိုက်သဖြင့် မန်ယူပရိသတ်များ လှုပ်လှုပ်ရွရွဖြစ်သွားသည်။

ဘက်ခမ်း

အသက် ၃၄ နှစ်ရှိပြီဖြစ်သော ဘက်ခမ်းသည် လက်ရှိ၌ အေစီမီလန်တွင် အငှား စာချုပ်ဖြင့် ကစားနေသူဖြစ်သည်။ ပုံမှန်ခြေစွမ်းပြန်ရရန် ကြိုးစားနေသော ဘက်ခမ်း သည် အေစီမီလန်၌ အရန်ဘောလုံးသမားအဖြစ်ရပ်တည်နေရသည်။ မန်ယူ၏ ငယ်မွေးခြံ ပေါက် ကစားသမားဖြစ်သော်လည်း ၂၀၀၃ ခုနှစ်၌ မန်ယူမှ ရီရဲမက်ဒရစ်သို့ပြောင်းရွှေ့ သွားခဲ့သူဖြစ်သည်။ ဖာဂူဆန်နှင့် အဝတ်လဲခန်းအတွင်း ပြဿနာဖြစ်ပွားခဲ့ပြီးနောက် ပြောင်းရွှေ့ကြေး ပေါင် ၂၅သန်းဖြင့် ရီရဲမက်ဒရစ်သို့ ရောက်ရှိသွားခဲ့သည်။ ရီရဲ မက်ဒရစ်မှ ၂၀၀၇ခုနှစ်၌ အမေရိကန်အသင်း ဂလက်ဆီသို့ ပြောင်းရွှေ့သွားခဲ့ပြီး ယင်း အသင်းမှ အငှားစာချုပ်ဖြင့် အေစီမီလန်သို့ ပြောင်းရွှေ့ကစားနေသူဖြစ်သည်။

ဖာဂူဆန်၌ စွဲမြဲသည့် အလေ့အထတစ်ခုရှိသည်။ ယင်းမှာ မန်ယူမှ ရောင်းထုတ်ပြီးသော ကစားသမားများကို မည်သည့်အခါကမျှ ပြန်မခေါ်ယူခဲ့ခြင်းပင်ဖြစ်သည်။

ဆန္ဒ

ဘက်ခမ်းသည် အခြေအနေအကြောင်းကြောင်းကြောင့် အသင်းများ ပြောင်း ရွှေ့ကစားခဲ့သော်လည်း မန်ယူ၌ ကစားခဲ့ရသည့်အချိန်ကာလများလောက် ပျော်ရွှင်ကျေနပ်မှု မရှိကြောင်း ဝန်ခံပြောကြားသည်။ မိမိ၏ကစားဟန်နှင့် ကစားအားသည် မန်ယူနှင့် အသင့်တော်ဆုံးဖြစ်ပြီး လက်ရှိအချိန်၌ မန်ယူ၌ ပြန်ကစားရန် ဖာဂူဆန်နှင့် ဆက်သွယ် လျက်ရှိကြောင်း ပြောကြားသည်။ ၎င်းအား ကမ္ဘာကျော်ဘောလုံးသမားတစ်ဦးဖြစ်စေခဲ့သည့် အလွတ်တည်ကန်ဘောများကို ဖာဂူဆန်က စနစ်တကျသင်ကြား ပြသပေးခဲ့သည်ဟု ဘက်ခမ်းက ပြောကြားသည်။

ဖာဂူဆန်၏အလေ့အထ

မန်ယူအသင်း၏ လက်ရှိအခြေအနေအရ ကွင်းလယ်ကစားသမားကောင်း လိုအပ် နေသည်။ ကွင်းလယ်ကစားအားကောင်းရန်အတွက် အင်အားသစ်ဖြည့်ဆည်းရန် မန်ယူကင်းထောက်များမှတစ်ဆင့် ရှာတော်ပုံဖွင့်နေရသည်။ ယင်းအချိန်တွင် ဘက်ခမ်းက မန်ယူ၌ ပြန်ကစားလိုသည်ဟုဆိုလာသည်။ ဖာဂူဆန်စဉ်းစားရသည်။ မန်ယူတွင် ပေါစခိုးလ်နှင့်ဂစ်တို့ကဲ့သို့ ဝါရင့်ကစားသမားများရှိနေသည်။ ၎င်းတို့အပေါ် ယုံကြည် ကိုးစားမှု အပြည့်ရှိသော်လည်း ခြေစွမ်းများက ကျရိပ်သန်းနေခဲ့ပြီ။ မြန်နှုန်းမြင့် အင်အားသုံးပြီး ကစားရသော လက်ရှိ ပရီမီယာလိဂ်ကား ပြိုင်ဆိုင်မှုပြင်းထန်လာသည်။ ငယ်ရွယ်ပြီး ခြေစွမ်းထက်မြက်သည့် ပါရမီရှင်ဘောလုံးသမားများကိုသာ အသင်းတိုင်းက လက်ကမ်းလိုကြသည်။ အပြိုင်အဆိုင် အလုအယက်ဈေးကောင်းပေးဝယ်ယူလိုကြသည်။

ခြွင်းချက်

သို့သော် ဘက်ခမ်းကိုမူ ခြွင်းချက်ထားပြီး ဖာဂူဆန်စဉ်းစားနေသည်ဟု ဆို၏။ ဆိုးရွားနေသည့် ကွင်းလယ်ကစားအားကို ပြုပြင်အားဖြည့်ရန် စဉ်းစားသည့်အခါ ဘက်ခမ်းကိုလည်း မလွဲမသွေထည့်သွင်းစဉ်းစားခဲ့ရသည်။ ဘက်ခမ်းကို ပြန်ခေါ်လျှင် ငွေကုန်ကြေးကျသက်သာမည်။ အရေးကြီးသောပွဲစဉ်များ၌ အချိန်ပိုင်းအားဖြင့် အကျိုး ရှိစွာ အသုံးပြုနိုင်သည်။ မန်ယူနှင့် အသားကျပြီးသားဖြစ်၍ အချိန်မရွေး အသုံးပြု၍ ရသည်။ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဂရိအသင်းကို ပွဲချိန်ပြည့်ခါနီး နောက်ဆုံးမိနစ်၌ အလွတ်တည်ကန်ဘောမှတစ်ဆင့် ဘက်ခမ်းဂိုးသွင်းခဲ့ပုံများကို ယခုတိုင် ဖာဂူဆန် မျက်စိထဲက မထွက်သေး။ လက်ရှိအချိန်၌ ဘက်ခမ်းနှင့် ပတ်သက်ပြီး စဉ်းစားနေသည်မှာ မန်ယူ၏အစဉ်အလာနှင့် ဂုဏ်သိက္ခာအပိုင်းဖြစ်သည်။

ထို့ကြောင့် မန်ယူ၌ ပြန်ကစားလိုသော ဘက်ခမ်း၊ ချင့်ချိန် စဉ်းစားနေသော ဖာဂူဆန်တို့အကြား မည်သည့်အဖြေထွက်လာမည်ကို စိတ်ဝင်စားစွာ စောင့်ကြည့်ရမည် ဖြစ်ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

တိုက်စစ်မှူးနှင့်ဂိုးသမား မန်ယူအမြန်ခေါ်ယူမည်

လန်ဒန် မတ် ၉

မန်ယူနည်းပြကြီး အဲလက်စ်ဖာဂူဆန်သည် ယခုနှစ် နွေရာသီတွင် တိုက်စစ်မှူး တစ်ဦးနှင့် ဂိုးသမားတစ်ဦးခေါ်ယူရေးအတွက် ပေါင်သန်း ၈၀ သုံးစွဲမည်ဖြစ်ကြောင်း မန်ယူကပြောကြားသည်။ နည်းပြဖာဂူဆန်သည် ပြီးခဲ့သည့်ဇန်နဝါရီလ အပြောင်းအရွှေ့ ကာလတွင် အဓိက တိုက်စစ်မှူးတစ်ဦးနှင့် ဂိုးသမား တစ်ဦးခေါ်ယူရန် ငွေကြေး ခြိုးခြံ ချွေတာခဲ့သည်။ သို့သော် တိုက်စစ်မှူးတစ်ဦးနှင့်ဂိုးသမားတစ်ဦး မဖြစ်မနေခေါ်ယူရန် လိုအပ်လာပြီဖြစ်သည်။

အနားယူ

အကြောင်းမှာ မန်ယူ၏အဓိက အားထားရသည့် ရွန်နေ ထိခိုက်ဒဏ်ရာရခဲ့လျှင် ၎င်းနေရာ အစားထိုးရန် အခက်တွေ့နေသည်။ မန်ယူတိုက်စစ်မှူးတစ်ဦးဖြစ်သည့် မိုက်ကယ်အိုဝင်မှာလည်း ကာလင်းဖလား ဗိုလ်လုပွဲတွင် တံကောက်ကြောထိခိုက်ဒဏ်ရာ ကြောင့် ရာသီကုန်အထိ အနားယူခဲ့ရပြီဖြစ်သည်။ မန်ယူဝါရင့်ဂိုးသမားကြီး ဗန်ဒါဆားမှာ လည်း မန်ယူနှင့် နောက်ထပ်တစ်နှစ်သာ စာချုပ်ထားသည်။ မန်ယူဂိုးသမား ကုဇက်မှာ မန်ယူမှ ထွက်ခွာဖွယ်ရှိနေသည်။ **(အင်တာနက်)**

ကွင်းလယ်ကစားသမား ရီဘာရီအား အသင်းကြီးသုံးသင်း စိတ်ဝင်စားနေ

မြူးနစ် မတ် ၉

ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစား သမား ဖရန့်ခ်ရီဘာရီသည် နွေရာသီတွင် ဂျာမနီမှ ထွက်ခွာဖွယ်ရှိနေခြင်းကြောင့် ထိပ်သီးအသင်းသုံးသင်းက စိတ်ဝင်စားလျက်ရှိရာ ပရီမီယာလိဂ်မှ ချယ်လ်ဆီးလည်း ပါဝင်သည်။

ရီဘာရီသည် လာမည့် နှစ်ပတ်၊ သုံးပတ်အတွင်း ၎င်း၏အနာဂတ်နှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ဖွယ်ရှိကြောင်း ဂျာမနီ မီဒီယာများက ထင်ကြေးပေးနေသည်။

၎င်းအားခေါ်ယူရန် ဆက်သွယ်ထားသော အသင်းကြီးများတွင် ရီရဲမက်ဒရစ် အသင်းသာမဟုတ်ဘဲ ဘာစီလိုနာနှင့် ချယ်လ်ဆီးတို့လည်း ပါဝင်ကြောင်း ရီဘာရီက ပြောကြားသည်။ ရီရဲမက်ဒရစ်အသင်းသည် ပြီးခဲ့သည့်နှစ်က ရီဘာရီအား ပေါင်သန်း ၂၀ ပေးခေါ်ရန် တွန့်ဆုတ်နေခြင်းကြောင့် စာချုပ်ခေါ်ယူရေး မအောင်မြင်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ချန်ပီယံလိဂ်ဝင်ခွင့်နေရာ လီဗာပူးအဟန့်အတား ဖြစ်ခဲ့ရပြန်

လန်ဒန် မတ် ၉

ပရီမီယာလိဂ်ပွဲစဉ် (၂၉) လက်ကျန်ပွဲစဉ်အဖြစ် လီဗာပူးက ဝီဂန်အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရာ လီဗာပူးတို့ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့၍ လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်နေရာရရှိရေး ကြိုးစားမှု အဟန့်အတားဖြစ်စေခဲ့ရသည်။

သွင်းယူပေး

လီဗာပူးအတွက် တိုက်စစ်မှူး တောရက်စ်က ဂိုးများသွင်းယူခဲ့သော်လည်း လေးကြိမ်တိုင် ဂိုးတိုင်ထိပြီး ပြန်ထွက် လာသည်။ လီဗာပူးတိုက်စစ်မှူး ဒက်ကုဇ်၏ အမှားကြောင့် ဝီဂန်တို့စောစီးစွာ ဂိုးရရှိသွား သည်။ ဝီဂန်အသင်းအတွက် တစ်လုံးတည်း သောအနိုင်ဂိုးကို ရှော့ဒယ်လီဂါက ပွဲချိန် ၃၅မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အပြိုင်ကြိုးစား

ဘင်နီတက်ဇ်၏ လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ် ဝင်ခွင့်နေရာအတွက် စပါး၊ မန်စီးတီးနှင့် အက်စ်တွန်ဗီလာတို့နှင့်အတူ အပြိုင် ကြိုးစားနေရသည်။

(အင်တာနက်)

မြင့်မောင်စိုး
စုစည်းသည်

လက်ရှိဒေးဗစ်ဖလားချန်ပီယံစပိန် ကွာတားဖိုင်နယ်သို့တက်ရောက်

မက်ဒရစ် မတ် ၉

ဒေးဗစ်ဖလားလက်ရှိချန်ပီယံ စပိန် အသင်းသည် ဆွစ်ဇာလန်အသင်းကို လေးပွဲ တစ်ပွဲဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

ဦးဆောင်ကစား

စပိန်တင်းနစ်ကစားသမား ဒေးဗစ် ဖာယာသည် ဆွစ်ဇာလန်မှ ဝါရင့်ကာအား ၆-၂၊ ၆-၄၊ ၆-၀ဖြင့် အနိုင်ကစားခဲ့ပြီး နောက် စပိန်အသင်းက ဦးဆောင်ကစား နိုင်ခဲ့သည်။

ဖလားဆွတ်ခူး

စပိန်အသင်းသည် ယခုနှစ်တွင် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့လျှင် သုံးနှစ် ဆက်တိုက် ဖလားဆွတ်ခူးနိုင်သည့်အသင်း ဖြစ်လာမည်ဖြစ်သည်။

အခြားသောပွဲစဉ်များအဖြစ် အာဂျင် တီးနားက ဆွီဒင်ကိုနိုင်ပြီး ဆားဗီးယားက အမေရိကန်ကို နိုင်ခဲ့သည်။ ရုရှားက အိန္ဒိယကိုနိုင်ပြီး ချီလီက အစ္စရေးအား အနိုင်ရကာ ကွာတားဖိုင်နယ် တက် ရောက်လာသည်။ ကွာတားဖိုင်နယ်ပွဲများ ကို လာမည့်ဇူလိုင်လအတွင်း ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ **(အင်တာနက်)**

10-3 (11).pmd 1 3/10/2010, 2:19 AM

Myanmar ICT Awards 2009 ပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာ ဝါသနာရှင်အသင်းများက ကြီးမှူးကျင်းပသော Myanmar ICT Awards 2009 ပြိုင်ပွဲ၏ ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈ နာရီက Myanmar Info-tech ၌ ကျင်းပသည်။

ဆုပေးပွဲတွင် Website of the Year ကို ဦးဇော်ဝင်းဦး(လောကနတ်)၊ Mobile Application of the Year ကို ဦးရဲမြတ်သူ (Alpha Info-tech)၊ Education Project of the Year (Teacher) ကို ဒေါ်လွင်မာညွန့်(ထ-၂၊ ဗဟန်း)၊ Education Project of the Year (High) ကို မောင်အောင်ကိုမင်းနှင့် မောင်အောင်ဇော်မြတ် (ထ-၂၊ တာမွေ)၊ Education Project of the Year (Middle) ကို မောင်ရဲလွင်ဖြိုး (လ-၃၊ ဟသ်ာတ)၊ Education Project of the Year(Primary) ကို မသက်ထားသူဇာ (ထ-၂၊ ကမာရွတ်)၊ ဂျီသြမေတြီဆိုင်ရာ အခြေခံများခေါင်းစဉ်ဖြင့် မနှင်းစန္ဒီဦး (ထ-၂၊ ကမာရွတ်)တို့က အသီးသီးရရှိကြသည်။

ရရှိ

ထို့ပြင် Myanmar ICT Awards 2009 Runner Up တွင် Mobile Application of the Year ကို ဦးတင်မျိုးဟန်(sm3 Mobile Solutions)၊ Website of the Year တွင် ဦးအောင်ကိုမြတ်နှင့် ဦးဇော်လင်း(Youth)တို့က ရရှိကြသည်။

Education Projects of the Year Runner Up ၌ ဆရာအဆင့်တွင် ဒေါ်တင်တင်ဝေနှင့် ၁၀ဦး(ထ-၁၊ သန်လျင်ကျောင်းများ)၊ ဒေါ်နှင်းဝတ်ရည်မြင့် (ထ-၁၊ သန်လျင်)၊ အထက်တန်းအဆင့်တွင် မောင်ဥက္ကာ(ထ-၁၆၊ ချမ်းအေးသာစံ မန္တလေး)၊ အလယ်တန်းအဆင့်တွင် မောင်ကောင်းဆက်မိုး၊ မရဲရင့်၊ မမေသင်းခိုင်(လ-၇၊ မဟာအောင်မြေ၊ မန္တလေး)နှင့် မောင်သန့်စင်(ထ-၁၆၊ ချမ်းအေးသာစံ၊ မန္တလေး)တို့က ရရှိကြသည်။

ဝင်ရောက်လေ့လာနိုင်

ပြိုင်ပွဲတွင် ဆုရရှိကြသူများ၏ အသေးစိတ်အချက်အလက်များ ရယူလိုပါက http://www.myanmarictawards.org တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၂၀ရက်က မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အင်းတော်ကြီးကန်အတွင်းသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်နှင့် အဖွဲ့ဝင်များက ဇီဝိတဒါန ငါးလွှတ်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မန္တလေး မဟာအောင်မြေမြို့နယ် စာပေနှင့်စာနယ်ဇင်း မျက်နှာစုံညီ စည်းဝေး

မဟာအောင်မြေ မတ် ၇

မန္တလေး မဟာအောင်မြေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးနှင့် မျက်နှာစုံညီ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ရက် နံနက် ၉နာရီက မန္တလေး မဟာအောင်မြေမြို့နယ် ၄၂လမ်း×၈၁လမ်းထောင့်ရှိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ဆက်လက်၍ အမှုဆောင်ဟောင်း ဖျက်သိမ်း၍ အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ရာ ဥက္ကဋ္ဌ ဦးရာစိုး(ရာစိုး-လှုမှု)၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ဝင်း(ခင်ခင်ဝင်း-ပညာရေး)၊ အတွင်းရေးမှူး ဒေါ်ငယ်(ခင်လေးငယ်)၊ တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ညို (မောင်မောင်ညိုလှ-နံ့သာမြေ)၊ ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်နု(ယဉ်ယဉ်နု-မန္တလေး)၊ အမှုဆောင်များအဖြစ် ဦးအောင်ခင်(မောင်အောင်ခင်-မန္တလေး)နှင့် ဦးမောင်မောင်ကြီး (ပြည်ဖြိုးသီ)တို့ကို ရွေးချယ်တင်မြှောက်ကြသည်။ ညီလာခံကိုယ်စားလှယ်များအဖြစ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ဝင်း(ခင်ခင်ဝင်း-ပညာရေး)နှင့် အတွင်းရေးမှူး ဒေါ်ငယ် (ခင်လေးငယ်)တို့အား ရွေးချယ်တင်မြှောက်ကြသည်။ ဆက်လက်၍ ပြန်လည်အရွေးခံရသော ဦးရာစိုး(ရာစိုး-လှုမှု)က နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ (စာပေစာနယ်ဇင်း)



ပန်းတနော်ဆေးရုံသို့ ဆေးဝါးနှင့် ငွေပဒေသာပင်လှူဒါန်း

ပန်းတနော် မတ် ၈

ရန်ကုန်မြို့ ၂၇လမ်းနေ (ဦးရွှေဒင်္ဂါး)-ဒေါ်ကျင်တီတို့အား အမှူးထား၍ အောင်သပြေ ကုမ္ပဏီလီမိတက် (ဖယောင်းပုဆိုး ကော်ဖော့ရောင်းဝယ်ရေး) မိသားစုတို့က ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံနှစ်ရုံသို့ ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ ဆေးဝါးပစ္စည်းများ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၇ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

လှူဒါန်း

အခမ်းအနားတွင် ဆေးဝါးပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦးနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်စန်းဌေးတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ အောင်သပြေကုမ္ပဏီက ပန်းတနော်မြို့နယ်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးငွေပဒေသာပင်နှင့် ဆေးဝါးပစ္စည်းများ နှစ်စဉ် လှူဒါန်းငွေမှာ ကျပ် ၂၁၈သိန်း ဖြစ်သည်။

ထပ်မံလှူဒါန်း

ထို့နောက် ယင်းနေ့ ညနေ ၃ နာရီတွင် ပန်းတနော်မြို့ သမိုင်းဝင်ရွှေမြင်တင် စေတီတော်မြတ်ကြီးအတွက် ထာဝရ ငွေပဒေသာပင် ကျပ် ၈၄သိန်းကို ထပ်မံလှူဒါန်းသည်။ အောင်သပြေကုမ္ပဏီမှ စေတီတော်ကြီးသို့ ရေစက်ချလှူဒါန်းထားငွေစုစုပေါင်းမှာ ကျပ်သိန်း ၆၀၀ ဖြစ်သည်။ (မြို့နယ် ပြန်/ဆက်)

အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကတ္တရာထောက်ပံ့ကူညီမှုဖြင့် စည်ပင်နှင့် ပြည်သူပူးပေါင်း ဆောင်ရွက်သော အောင်သုခလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်အောင်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်း ထွေတလာ

ယာဉ်နှင့် လမ်းစည်းကမ်း ပညာပေး ကျိုက်ထိုမြို့နယ်တွင် ဟောပြောပွဲကျင်းပ

ကျိုက်ထို ဖေဖော်ဝါရီ ၂၄

ကျိုက်ထိုမြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းဝေးစေရန်အတွက် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီက ကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၈ရက် မွန်းလွဲ ၁နာရီက မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယရဲမှူးခင်အောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

ဆောင်ရွက်

အခမ်းအနားတွင် မြို့နယ်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်အောင်က အမှာစကားပြောကြားပြီး(ဝဲပုံ) မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်သန်းအေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ဥပဒေဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်မော်တော်ယာဉ်ဥက္ကဋ္ဌ ဦးအောင်သိန်းက ယာဉ်အန္တရာယ်နှင့်ပတ်သက်၍ လည်းကောင်း ပညာပေးဟောပြော ဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပညာပေး ဗီဒီယိုပြသခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

တိုင်းရင်းသားရိုးရာ ပဒေသာကပွဲကျင်းပ

ကလေး မတ် ၃

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ကလေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော တိုင်းရင်းသားရိုးရာ ပဒေသာကပွဲနှင့် တိုင်းရင်းသားဓလေ့များဆိုင်ရာ အစားအစာရောင်းချပွဲကို အထက(၁) ကလေး တေဇခန်းမ၌ ဖေဖော်ဝါရီ ၁၀ရက် နံနက် ၉နာရီက ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားသို့ ကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်အားပေးကြပြီး အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှု၍ ဆုချီးမြှင့်ပေးအပ်သည်။ (အောက်ပုံ) (ပြည်နယ် ပြန်/ဆက်)

အရန်သားဖွားသင်တန်း ရေစကြို၌ ဖွင့်လှစ်

ရေစကြို မတ် ၅

ရေစကြိုမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၆ရက် နံနက် ၁၀နာရီက အရန်သားဖွားသင်တန်း (၁/၂၀၁၀)ဖွင့်ပွဲကို ကျင်းပသည်။

အခမ်းအနားအစီအစဉ်အရ မြို့နယ်ဆရာဝန်ကြီးဒေါက်တာနေဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းသူများ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းတွင် သင်တန်းသူ ၁၀ဦး တက်ရောက်ကြပြီး သင်တန်းကာလ ခြောက်လကြာမြင့်မည် ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

(၆၅)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ကောလင်း အမကကျောင်းများသို့ ဂျာနယ်များလှူဒါန်း

ကောလင်း ဖေဖော်ဝါရီ ၂၈

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မူလတန်းကျောင်းများသို့ ဂျာနယ်ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ကောလင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ အဖွဲ့ရုံးခန်း၌ ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)နှင့် အဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က ပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကောလင်းမြို့ ခင်မို့မို့ စာပေနှင့် ကြယ်စင်စာပေတို့က ပေးအပ်လှူဒါန်းသော ဂျာနယ်အစောင် ၅၀၀ကို ကောလင်းမြို့နယ် နတ်ကြီးခုံ အမက ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်၊ နှောခုံ အမက ကျောင်းအုပ်ဆရာကြီး ဦးဝင်းဖေ၊ ကန်လယ်ကြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းကြည်၊ ချောင်းကွေ့ကျောင်းအုပ်ဆရာကြီး ဦးသိန်းအောင်၊ ဇီးဖြူကုန်း ကျောင်းအုပ်ဆရာကြီး ဦးကျော်လွင်သို့ ပေးအပ်လှူဒါန်းကြသည်။ (ဝ၃၂)

မြို့နယ် သတင်း ထွေတလာ

ဖေဖော်ဝါရီ ၁၄ရက်က ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကတ္တရာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေကို ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက် ဆောက်လုပ်မှု ယင်းမာပင်၌ ကွင်းဆင်းစစ်ဆေး

ယင်းမာပင် ဖေဖော်ဝါရီ ၂၀

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဝင်းသည် ဖေဖော်ဝါရီ ၂၀ရက်က ကြပ်ကျေးရွာအုပ်စု သလောက်ကျေးရွာ သုတဝေစီစာကြည့်တိုက် ဆောက်လုပ်မှုအခြေအနေကို သွားရောက်ကွင်းဆင်းစစ်ဆေးရာ စာကြည့်တိုက်ဆောက်လုပ်မှုကော်မတီဥက္ကဋ္ဌ ဦးနေစိုးက စာကြည့်တိုက်ဆောက်လုပ်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

အဆိုပါစာကြည့်တိုက်အဆောက်အအုံကို အလျား ပေ ၄၀၊ အနံ ပေ ၆၀ ရှိ စာကြည့်တိုက်ပိုင် မြေပေါ်တွင် ဆောက်လုပ်လျက်ရှိသည်။

ဆွေးနွေးမှာကြား

ထို့နောက် မြို့နယ်ဦးစီးမှူးသည် မောက်လုပ်ကျေးရွာနှင့် အင်တောကျေးရွာ စာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ သတ်မှတ်စံချိန်ပြည့်မီရေးနှင့် အချိန်မီ ပြီးစီးရေးတို့ကို ဆွေးနွေးမှာကြားသည်။

(မြို့နယ် ပြန်/ဆက်)

အလျားပေ ၇၀၀၀၊ အကျယ် ပေ ၅၀ရှိ မုံရွာမြို့ ကမ်းနားလမ်း အောင် ဇေယျ လမ်းမကြီး မြေသား တာပေါင်တိုးချဲ့ ဆောင်ရွက်နေမှု လုပ်ငန်းအား စက်ယန္တရားများဖြင့် ဆောင်ရွက် နေ မှု ကို ဖေ ဖော် ဝါ ရီ ၂၁ ရက် က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ အမှုဆောင်အရာရှိ ဦးစိုးညွန့်တို့ ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဒေါ်သူသူအေး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဆီဆိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

ဆီဆိုင် မတ် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကဦးစီးကျင်းပသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ရက် မွန်းလွဲ ၂နာရီက မြို့နယ်ခန်းမရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးစိုးလွင်နှင့် ဌာနဆိုင်ရာများ၊ မြို့မ ခြောက်ရပ်ကွက်ရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအမှုဆောင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော လူမှုရေးအဖွဲ့အစည်းများ တက်ရောက် အားပေးကြသည်။

ချီးမြှင့်

အဆိုပါထမနဲထိုးပြိုင်ပွဲသို့ ရပ်ကွက်ခြောက်ရပ်ကွက်နှင့် တပ်ရင်းတပ်ဖွဲ့များရှိ အမျိုးသမီးရေးရာအဖွဲ့ခုနစ်ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယရရှိသွားကြသော ပြိုင်ပွဲဝင်အမျိုးသမီးရေးရာအဖွဲ့ဝင်များကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြက **(အောက်ပုံ)** ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (ဝ၁၅)

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သော အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကွင်းဆင်းကြီးကြပ်ရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးဇင်မင်းထွန်းက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်ထိုမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော၊ မီးငြိမ်းသတ်ရေးသရုပ်ပြ

ကျိုက်ထို မတ် ၅

ကျိုက်ထိုမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ရက်က သိမ်ဇရပ်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွေးနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဈေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဆွေးနွေး

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက မီးဘေးကြိုတင်ကာကွယ်တားဆီးရေးနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး မီးသတ်ယာဉ်တစ်စီး ဝယ်ယူရေး ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်က ဈေးများ မီးဘေးအန္တရာယ်ကင်းရေး ကိစ္စရပ်များကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွေးက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လည်းကောင်း ဟောပြောဆွေးနွေးကြပြီး သိမ်ဇရပ်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဘမင်းက ကိုယ့်အားကိုယ်ကိုး မီးသတ်ယာဉ် ဝယ်ယူနိုင်ရေး စီမံဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

လက်တွေ့သရုပ်ပြ

ထို့နောက် မီးသတ်ရေသယ်ယာဉ်ဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်ဖွင့်

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မိုင်းငေါ့မြို့နယ် မန်ခေါက်ကျေးရွာ ဖူးပွင့်ဝေစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၉ရက်က အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နီလာစိုးနှင့် ကျေးရွာဥက္ကဋ္ဌဦးစိုင်းမျိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။(မြို့နယ် ပြန်/ဆက်)

မြစ်ကြီးနား၌ မီးဘေးကာကွယ်ရေး ပညာပေးဟောပြော

မြစ်ကြီးနား မတ် ၅

မူခင်းကျဆင်းရေးနှင့် မူခင်းကြိုတင်ကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ လူကုန်ကူးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ရက် ညနေ ၃နာရီက လယ်ကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောဆွေးနွေး

ရှေးဦးစွာ မြစ်ကြီးနား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်အောင်က မူခင်းကျဆင်းရေးနှင့် မူခင်းကြိုတင်ကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ လူကုန်ကူးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဇော်ဝင်းထင်က မူခင်းဆိုင်ရာများကို ဆွေးနွေးဟောပြောပြီး အမှတ်(၂) ရဲစခန်းမှူး ရဲအုပ်ဇော်မင်းဦးက မူခင်းဆိုင်ရာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ လယ်ကုန်းရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်သူရလင်းက ရပ်ကွက်အတွင်း မူခင်းများမဖြစ်ပွားရေးအတွက် ဆောင်ရွက်ထားမှုများကို ရှင်းလင်းဆွေးနွေးသည်။ (ဝဝ၃)

စာပေဗိမာန်ထုတ် သုတပဒေသာစာစောင်ဖြန့်ချီ

ရန်ကုန် မတ် ၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသော မတ်လထုတ် သုတပဒေသာ စာစောင်အတွဲ(၃၇)၊ အမှတ်(၃)ကို ဘာသာပြန်စာပေ စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုလထုတ် သုတပဒေသာစာစောင်တွင် ပါရဂူ၊ ဒေါက်တာကျော်စိန်၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊မောင်ပေါ်ထွန်း၊ တင်မောင်မြင့်၊ မြတ်ငြိမ်း၊ မောင်မြင့်ကြွယ်၊ ဒေါက်တာခင်မောင်ညွန့်၊ အောင်ချိန်ဘွား၊ ဆောင်းဝင်းလတ်၊ ခင်စောတင့်၊ ကေကေ(မဟာဝိဇ္ဇာ)၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ပါမောက္ခဒေါက်တာအောင်မြင့်ဦး(မြန်မာစာ)၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ အငြိမ်းစားပါမောက္ခတစ်ဦး၊ မင်းကြော့ရှိန်၊ တက္ကသိုလ်မိုးမြင့်၊ မြတ်မင်း၊ မြင့်လွင်(ဂျပန်ဘာသာ)၊ မှူးခင်(ရွှေပြည်သာ)၊ ဦးငွေသိန်း (ကုမ္ပဏီလမ်းညွှန်)၊ မောင်ဝင်းသူ(ဝါးခယ်မ)၊ စိန်ဝင်းနွယ်၊ လှတိုး(စိတ်ပညာ)၊ မောင်ကြည်သစ်၊ မင်းမွန်အောင်၊ စိုးသီဟနောင်၊ မြင့်ဦးမောင်၊ မောင်တင်ဦး(ရုက္ခ)၊ တက္ကသိုလ်မောင်တံခွန်၊ မမကြီးနှင့် ထက်မြက်(စမ်းချောင်း)တို့၏ ဘာသာပြန်ကဗျာ၊ ဆောင်းပါးနှင့်ဝတ္ထုများ ပါဝင်သည်။

သိမှတ်ဖွယ်ရာမျိုးစုံ

အဆိုပါသုတပဒေသာစာစောင်တွင် အာရှကလေးငယ်များကို အသက်အန္တရာယ်ပြုနေသော ညစ်ညမ်းလေထု၊ နားထောင်ခြင်း၏ အကျိုးသက်ရောက်မှု၊ အန္တာတိတ်နှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ အိမ်ထောင်ရေးသောက ကင်းဝေးရေး၊ အသစ်ပေါ်ထွန်းလာသည့် အနောက်တိုင်းမှ ကလေးမွဲယဉ်ကျေးမှု၊ ရုပ်လုံးပေါ်လာတော့မည် အာရှအိပ်မက်၊ အိန္ဒိယနိုင်ငံသားသံမဏိလုပ်ငန်းရှင်၊ အဲဘတ်အက်(စ်) အေအက်(စ်)၊ အဆင်မပြေမှုများနှင့် ပြဿနာများကို ဘယ်လိုဖြေရှင်းကြမလဲ စသည်တို့အပြင် လစဉ်ပါနေကျ နိုင်ငံတကာ ကဗျာ၊ ဟာသ၊ ထူးဆန်းထွေလာ ဤမြေကမ္ဘာ၊ ကမ္ဘာ့မူးယစ်ဆေးဝါးသတင်းအစရှိသော ဗဟုသုတဖြစ်ဖွယ်၊ သိမှတ်ဖွယ်၊ သုတ၊ ရသအကြောင်းအရာမျိုးစုံပါရှိသည်။

မတ်လထုတ် သုတပဒေသစာစောင်ကို တစ်အုပ်လျှင် ကျပ် ၈၀၀နှုန်းဖြင့် နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန်အရောင်းဌာန အမှတ် ၅၂၉/၅၁၃ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်- ပုသိမ်ကားလမ်း ပေါ်ရှိ ကျောင်း ကုန်း မြို့ အဝင် ပန်းခြံသာယာလှပရေး အတွက် ဝန်ထမ်းများ ဆောင်ရွက်နေမှုကို မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင် အရာရှိ ဦးမျိုးတင့်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် မြို့ပြလမ်းလုပ်ငန်းများအနက် ဘူတာလမ်းကျောက်ချောလမ်းဖွင့်ပွဲကို ရွှေဘို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ရွှေ၊ ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် အမှတ်(၁)ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရုပ်မြင်သံကြားပြစက်နှင့် စလောင်းလှူဒါန်းပွဲ ဖလမ်း၌ကျင်းပ

ဖလမ်း မတ် ၅

ချင်းပြည်နယ် နယ်စပ်ဒေသ ကျေးရွာနေဒေသခံပြည်သူများအား အသိပညာဗဟုသုတပိုမိုတိုးပွားလာစေရေးအတွက် ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကလှူဒါန်းသော ၂၁ လက်မရောင်စုံရုပ်မြင်သံကြားပြစက်နှင့်စလောင်းပေးအပ်လှူဒါန်းပွဲကို မတ် ၃ရက်က ဖလမ်းမြို့နယ် လေးလက်ကျေးရွာစာကြည့်တိုက်ခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှူးဗိုလ်ကြီးမိုးမြင့်ထွန်းနှင့်မြို့နယ်အတွင်းရေးမှူး ဦးရွှန်အဲင်းလျန်တို့က ကျေးရွာဥက္ကဋ္ဌ ဦးဇိုးလျန်ထံ ရုပ်မြင်သံကြားပြစက်နှင့် စလောင်းတို့ကို ပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

ကေတုမတီမြို့တည်နန်းတည် နှစ်(၅၀၀)ပြည့် ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

တောင်ငူ မတ် ၇

တောင်ငူမြို့ ကေတုမတီ မြို့တည်နန်းတည် နှစ်(၅၀၀)ပြည့်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၅ ရက် နံနက် ၉ နာရီက ပဲခူးတိုင်း ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိန်းကြည်နှင့် ကော်မတီဝင်များ တက်ရောက်ကြပြီး ရှေးဦးစွာ ကေတုမတီမြို့တည်နန်းတည် နှစ်(၅၀၀)ပြည့်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပဲခူးတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိန်းကြည်က အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** တက်ရောက်လာကြသည့် ကော်မတီဝင်များက ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီအလိုက် လုပ်ငန်းတာဝန်များတင်ပြကြရာ ပဲခူးတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိန်းကြည်က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး တောင်ငူမြို့ကေတုမတီ မြို့တည် နန်းတည် နှစ်(၅၀၀)ပြည့်ပွဲတော် အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်ညီရေး ဗန်းမော်မြို့ မံမလင်းကျေးရွာအုပ်စု၌ဆွေးနွေး

ဗန်းမော် မတ် ၈

ဗန်းမော်မြို့နယ်အတွင်းရှိ ကျေးရွာ စာကြည့်တိုက်များ စံ(၅)ချက်ညီရေး ဆွေးနွေးပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ ဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက် နံနက် ၁၀နာရီက ဗန်းမော်မြို့နယ် မံမလင်းကျေးရွာအုပ်စု ရေလဲကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်က စာကြည့်တိုက်အကြောင်း သိကောင်းစရာများနှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးပြီး ဒုတိယဦးစီးမှူး ဒေါ်သီတာအေးက ကျေးရွာစာကြည့်တိုက်များရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ်(၅)ချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးသိန်းက ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများပြသခြင်း၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်းအပြင် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျွဲနွားများအား ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်အောင်၌ကတ္တရာလမ်းသစ်ဖွင့်

မြန်အောင် မတ် ၈

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော မြန်အောင်မြို့ အမှတ်(၅)ရပ်ကွက် လက်ပန်တာကြီးတန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၈နာရီက အဆိုပါမုခ်ဦးရှေ့၌ ကျင်းပရာ မြန်အောင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးကြူနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်လမ်းတံတား (ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်လျက်ရှိသည့် အင်္ဂပူ-ညောင်ကျိုး ကျေးလက်လမ်းပေါ်ရှိ တံတားအမှတ်(၅) တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလွှမ်းမိုးဟန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

တောင်ကုတ်မြို့နယ် ရိုးမလှိုင်းစာကြည့်တိုက် နှစ်ပတ်လည်နေ့ကျင်းပ

တောင်ကုတ် မတ် ၇

တောင်ကုတ်မြို့နယ်ရိုးမလှိုင်းစာကြည့်တိုက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အနုပညာဖျော်ဖြေပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် ည ၈နာရီက တောင်ကုတ်မြို့နယ် ခန်းမ၌ ကျင်းပသည်။

ဖျော်ဖြေပွဲအပြီးတွင် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမောင်ပုက ပါဝင်ကူညီခဲ့သော အကအဖွဲ့များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ ***(မြို့နယ် ပြန်/ဆက်)***

မြောက်ဥက္ကလာပမြို့နယ် အမက (၁၉)၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ပထမတန်းမှ ပညာရည်ထူးချွန်ဆု ရရှိသော မအေးချမ်းမိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်လှတင်က ဆုချီးမြှင့်စဉ်။

(ပညာရေး)

မြို့နယ် သတင်းထွေတလာ

မူဆယ်၌ လူငယ့်အားမာန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မူဆယ် မတ် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် ကြူကုတ်(ပန်ဆိုင်း)၌ လူငယ့်အားမာန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ရက် နံနက် ၁၀နာရီက ကျင်းပရာ မူဆယ်မြို့နယ်ဥက္ကဋ္ဌ ဦးမြဟန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဒေးဗစ်နှင့် ကြူကုတ်(ပန်ဆိုင်း)ဥက္ကဋ္ဌ ဦးကိုကိုအောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် အဆိုပါ စာကြည့်တိုက်သို့ ရုပ်မြင်သံကြားပြစက်နှင့် စာအုပ်စာစောင်လှူဒါန်းပွဲကျင်းပရာ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးထွန်းမင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မူဆယ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးဆန်းဝင်းက စာပေ၏ အကျိုးကျေးဇူးနှင့် စာကြည့်တိုက်ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ်(၅)ရပ်တို့ကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် အဆိုပါ စာကြည့်တိုက်သို့ ခရိုင်ဥက္ကဋ္ဌက ၁၄လက်မ ရုပ်မြင်သံကြားပြစက်တစ်လုံး၊ ခရိုင်ဦးစီးအရာရှိက စာအုပ်စာစောင် ၁၅၀၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းမြင့်က ကလျာ၊ Living Color မဂ္ဂဇင်းခြောက်လစာနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ စာကြည့်တိုက်သည် အလျား ၂၄ပေ၊ အနံ ၁၄ပေ၊ အမြင့် ၁၅ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းအာရ်စီ အမျိုးအစားတစ်ထပ်တိုက်ဖြစ်ပြီး နိုင်ငံတော်ပံ့ပိုးငွေနှင့် ပြည်သူများ၏ လှူဒါန်းငွေ စုစုပေါင်းကျပ် ၂၂သိန်းကျော် ကျခံဆောက်လုပ်ခြင်း ဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

ရိုးခေါဒါရ်မြို့၌ စခန်းသာလမ်း ကျောက်ချောခင်း

ရိုးခေါဒါရ် မတ် ၅

ရိုးခေါဒါရ်မြို့ စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် စခန်းသာလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းနှင့် အများသုံး ရေကန်များဖြင့် ရေပေးဝေမှုအခြေအနေများကို မတ် ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်ထွန်းလင်း ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(ခရိုင် ပြန်/ဆက်)**



အထူးကုဆရာဝန်ကြီးများ ပရိဘောဂစက်ရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

ရန်ကုန် မတ် ၉

ရန်ကုန်မြို့ အလုံမြို့နယ် သစ်တောဝင်းရှိ အမှတ်(၁၊၂၊၃)ပရိဘောဂစက်ရုံများသို့ မတ်၃ရက်က လူမှုဖူလုံရေးအဖွဲ့ အလုပ်သမားဆေးရုံကြီး(ရန်ကုန်)မှ အထူးကုဆရာဝန်ကြီးများအဖွဲ့ စက်ရုံအရောက်ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

အဆိုပါကျန်းမာရေးစောင့်ရှောက်မှုအဖြစ် အထွေထွေရောဂါအထူးကု၊ ခွဲစိတ်အထူးကု၊ သားဖွားမီးယပ်အထူးကု၊ အရိုးအကြောအထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု၊ သွားနှင့်ခံတွင်း စသည့် အထူးကုဆရာဝန်ကြီးများက လူနာ၃၉၇ဦးအား ဆေးကုသမှုပေးခြင်း၊ ဆေးရုံတွင် ဆက်လက်ကုသရန် လိုအပ်သည့် လူနာ၄၇ဦးအား လိုအပ်သည့်ဆေးမှတ်တမ်းပေးခြင်း၊ ဝန်ထမ်း ၄၁၀ကို မေးခိုင်ကာကွယ်ဆေးထိုးပေးခြင်းနှင့် လိုအပ်သည့် ဆေးဝါးများ အခမဲ့ပေးခြင်းတို့ ဆောင်ရွက်ကြသည်။ **(ဝဲပုံ)** **(ပရိဘောဂစက်ရုံ)**

10-3 (17).pmd 1 3/10/2010, 2:19 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဖွံ့ဖြိုးတိုးတက်မှုအဖုံဖုံ အေးသာယာစက်မှုဇုန်

အေးသာယာစက်မှုဇုန်အတွင်း စက်ရုံ အလုပ်ရုံများကို ဤသို့ တပြန့်တပြော မြင်တွေ့ရသည်မှာ....။

ဓာတ်ပုံမှတ်တမ်း-လေးနွယ်(မင်္ဂလာဒုံ)

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း-လေးနွယ်(မင်္ဂလာဒုံ) စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

တောင်ကြီး မတ် ၉

မြူနှင်းလွှလွှ လွှမ်းခြုံထားသည့် တောင်ကြီးမြို့ နံနက်ခင်း....။ အေးမြသော ရာသီဥတုကြောင့် အနွေးထည် ထပ်ဝတ်ထားသော်လည်း အအေးဓာတ်က ခန္ဓာကိုယ်အတွင်း စိမ့်ဝင်နေသည်။ နံနက် ၇နာရီခွဲ၌ တောင်ကြီးမြို့ အနောက်ဘက်တွင်တည်ရှိသော အေးသာယာစက်မှုဇုန်သို့ သတင်းအဖွဲ့ ထွက်ခွာလာခဲ့ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကောင်းမြတ်သူ - ရှာဖွေတင်ပြသည်

မော်စကို မတ် ၉

ရုရှားနိုင်ငံက လာမည့်ငါးနှစ်အတွင်း ပန်းကန်ပြားပျံ ထုတ်လုပ် လွှတ်တင်သွားမည်ဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

အနာဂတ်တွင် ရုရှားနိုင်ငံမှ ပန်းကန်ပြားပျံ လွှတ်တင်နိုင်တော့မည်ဖြစ်၍ ပန်းကန်ပြားပျံ တစ်ခုကို နိုယာအက်အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ မိတ်ဆက်တင်ပြထားသည်။

စာမျက်နှာ ၃ ကော်လံ ၆ ■